# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် (၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မွမ်ဘိုင်းမြို့သို့ ရောက်ရှိ

## ဂျဝါဟာလာလနေရူးဆိပ်ကမ်းသို့ သွားရောက်လေ့လာ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျဝါဟာလာလနေရူးဆိပ်ကမ်းကို ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ Palam လေတပ်စခန်းမှ မွမ်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် အိန္ဒိယအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် **စာမျက်နှာ ၁၆ ကော်လံ ၁**

**ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ** စာမျက်နှာ - ၁၈

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ** စာမျက်နှာ - ၁၉

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ** စာမျက်နှာ - ၂၀

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။




ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၃ ရက်

## အယ်ဒီတာ့အာဘော်

# ထူးချွန်အောင်မြင်မှုများဆွတ်ခူးဖို့ စာသင်နှစ်အစက ကြိုးစားကြပါစို့

ယခုအချိန်သည် အခြေခံပညာကျောင်းများ၏ စာသင်နှစ်တစ်နှစ် စတင်သည့်ကာလဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများသင်ယူရာတွင် စိတ်အားထက်သန်စွာဖြင့် အစကောင်းတစ်ခုကို တည်ဆောက်ထားသင့်သည့်အချိန်ဖြစ်သည်။ "အစကောင်းမှ အနှောင်းသေချာ" ဟူသောဆိုရိုးစကားအတိုင်း မည်သည့်အလုပ်ကိုမဆို အစပိုင်းကတည်းက စနစ်တကျစီမံဆောင်ရွက်ပြီး ကြိုးစားအားထုတ်ပါက နောက်ဆုံးတွင် အောင်မြင်သောရလဒ်ကို ရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ စာသင်နှစ်အစပိုင်းကတည်းက ကျောင်းသင်ခန်းစာများကို နေ့စဉ်မှန်မှန် လေ့လာကျက်မှတ်ခြင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားပို့ချသည့် သင်ခန်းစာများကို အာရုံစိုက်နားထောင်ခြင်း၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးခြင်းနှင့် အိမ်စာများကို အချိန်မှန်ပြုလုပ်ခြင်းတို့သည် ပညာရေးအောင်မြင်မှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်များဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူအချို့သည် စာသင်နှစ်အစပိုင်းတွင် စာကိုပေါ့ပေါ့ဆဆသဘောထား လေ့လာတတ်ကြပြီး စာမေးပွဲနီးလာမှသာ အလောတကြီး စာကျက်လေ့ရှိကြသည်။ ထိုအခါ သင်ခန်းစာများကို ကောင်းစွာနားမလည်ဘဲ စိတ်ဖိစီးမှုများကို ဖြစ်ပေါ်စေသည်။ တစ်နှစ်ပတ်လုံး သင်ယူခဲ့သည့် သင်ခန်းစာများကို အချိန်တိုအတွင်း အားလုံးမှတ်မိနိုင်ရန်မှာ အလွန်ခက်ခဲလှသည်။ ထိုအခါ စာမေးပွဲရလဒ်များလည်း မျှော်လင့်ထားသလောက် မကောင်းမွန်နိုင်ဖြစ်တတ်သည်။

ထို့ကြောင့် စာသင်နှစ်အစကတည်းက စာကိုသေချာကြိုးစားလေ့လာကျက်မှတ်ခြင်း၊ သင်ခန်းစာများကို ကောင်းစွာနားလည်သဘောပေါက်စေရန် ဆရာ၊ ဆရာမများကို မေးမြန်းခြင်း စသည်တို့ ပြုလုပ်ခြင်းဖြင့် စာမေးပွဲဖြေဆိုရာတွင် ယုံကြည်မှုရှိရှိဖြေဆိုနိုင်ပြီး အမှတ်ကောင်းများလည်း ရရှိနိုင်သည့်အပြင် ထူးချွန်ဆုများ၊ ပညာသင်ဆုများနှင့် အခြားသောဂုဏ်ပြုဆုများကိုလည်း ဆွတ်ခူးရရှိနိုင်မည်ဖြစ်သည်။

စာသင်နှစ်အစတွင် သေချာစနစ်တကျ ကျောင်းသင်ခန်းစာများ လေ့လာသင်ယူခြင်းသည် ပညာရေးအောင်မြင်မှုအတွက်သာမက လူတစ်ယောက်၏ အနာဂတ်ဘဝအတွက်လည်း များစွာအကျိုးရှိစေသည်။ စာကို အချိန်မှန်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများသည် စည်းကမ်းရှိမှု၊ တာဝန်ယူမှုနှင့် ဇွဲ၊ လုံ့လတို့ကို မွေးမြူပေးနိုင်သည့်အပြင် ထိုအရည်အချင်းများသည် အခြေခံပညာကျောင်းသား၊ ကျောင်းသူဘဝမှသည် အဆင့်မြင့်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝ၊ လုပ်ငန်းခွင်နှင့် လူမှုဘဝတို့ထိပါ အောင်မြင်မှုရရှိစေရန် အထောက်အကူပြုမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ထို့ကြောင့် ပညာကိုကောင်းစွာသင်ယူခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများတွင် အသိပညာဗဟုသုတများ တိုးပွားလာစေမည့်အပြင် မှန်ကန်စွာ စဉ်းစားတွေးခေါ်နိုင်သော အရည်အချင်းများလည်း တိုးတက်လာမည်ဖြစ်သည်။ ပညာသည် ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ဘဝအောင်မြင်ရေးအတွက် သော့ချက်ဖြစ်ပြီး ပညာကို ကောင်းစွာသင်ယူထားသူများသည် ပညာကိုကောင်းစွာမသင်ယူခဲ့ရသူများထက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်သည်။

သို့ဖြစ်ပါ၍ ပညာခေတ်တွင် ပညာသည်သာအရာရာဖြစ်ပါသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခရာကျသည့် မျိုးဆက်သစ်မောင်မယ်ပညာတတ်များဖြစ်စေရေး ကျောင်းသား၊ ကျောင်းသူတိုင်းက စာသင်နှစ်အစကတည်းက စာကိုမှန်မှန်လေ့လာကျက်မှတ်၍ ကြိုးစားအားထုတ်သင်ယူပါက ထူးချွန်အောင်မြင်မှုများကို ဆွတ်ခူးရရှိနိုင်မည်ဖြစ်သည့်အပြင် အနာဂတ်တွင်လည်း နိုင်ငံအတွက် အားကိုးရသော လူတော်လူကောင်းများ ဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၀၀၀၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၀၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးသွားပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း အုန်းသီးအလုံးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလက အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပုသိမ်မြို့နယ်ကနေ ထွက်ရှိတဲ့ အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလထဲမှာ အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ ဇွန်လထဲမှာလဲ အုန်းသီးတွေဝယ်ယူဖို့ ချိတ်ဆက်မှာယူထားပါတယ်။ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက အုန်းသီးစိုက်တောင်သူတွေဆီကနေ အုန်းသီးတွေကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာပါ။ ဒေသထွက်အုန်းသီးတွေ တင်ပို့ရောင်းချလာရတဲ့အတွက် လုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးများ တင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခန္တီးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခန္တီးလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါခန္တီးလေးကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၅၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မတ္တရာမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေး



**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဇွန် ၁ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-မတ္တရာ ပြည်ထောင်စုလမ်းမကြီးရှိ ရွှေကျင်စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်သွားကားလမ်း၊ ရေနံ့သာကျေးရွာအနီးရှိ မတ္တရာငါးလုပ်ငန်းစခန်း (ရေနံ့သာ) သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ငါးလုပ်ငန်းစခန်း၏ လုပ်ငန်းများပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက် ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ္တရာ-သပိတ်ကျင်းလမ်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် တံငါတံတားကို ပြည်သူများ သွားလာနိုင်ရေးအတွက် ယာယီဘေလီတံတားအဖြစ် ပြုပြင်ဆောင်ရွက်ထားရာ ခရီးသွားလာဖြတ်သန်းမှု များပြားလာသည့်အတွက် တံတားကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ လက္ကောင်းကြီး ကျေးရွာအုပ်စုရှိ မြို့မရှေ့တန်းတောင်သူနည်းပညာပြန့်ပွားရေးစခန်းတွင် တောင်သူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့က တောင်သူများကို ဝါသီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပံ့ပိုးပေးအပ်ပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူး ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မတ္တရာမြို့နယ် လက္ကောင်းကြီး ကျေးရွာအုပ်စုကံဖြူအရှေ့ကွင်းတွင် မဟာစံပြနွယ် အဆင့်မြင့်ဆန်စက် ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၅၆ ဧက စိုက်ပျိုးမည်

**မုံရွာ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၅၆ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် စားဖိုဆောင်သီးနှံ ၁၅၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ စားဖိုဆောင်သီးနှံ ၁၅၅၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ နာဂဒေသမှာ စားဖိုဆောင်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ငရုတ် ၁၄၈ ဧက၊ အာလူး ၉၅ ဧက၊ ဆွမ္မရာမြို့တွင် ငရုတ် ၅ ဧက၊ အာလူး ဧက ၁၅၀၊ လဟယ်မြို့နယ်တွင် ငရုတ် ၁၄၃ ဧက၊ အာလူးဧက ၅၀၊ ထန်ပါခွေမြို့တွင် ငရုတ် ၂၈ ဧက၊ အာလူး ၁၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ငရုတ် ၁၇၁ ဧက၊ ကြက်သွန်နီ ၁၂၅ ဧက၊ အာလူးဧက ၆၀၊ ဒုံဟီးမြို့တွင် ငရုတ် ၁၇၂ ဧက၊ ကြက်သွန်နီ ဧက ၁၀၀၊ အာလူးဧက ၄၀နှင့်ပန်ဆောင်မြို့တွင် ငရုတ် ၈၉ ဧက၊ ကြက်သွန်နီ ၁၂၅ ဧက၊ အာလူး ဧက ၄၀ စုစုပေါင်း ၁၅၅၆ ဧက တို့ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇွန် ၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခင်ဘန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀ ကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်း အတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်



# အလောင်းစည်သူမင်းကြီး၏ ပါဠိကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)



အလောင်းစည်သူရေးထိုးသည့် ရွှေဂူကြီးဘုရားကျောက်စာကို တွေ့ရစဉ်။

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာအများစုသည် မြန်မာဘာသာဖြင့် ရေးထိုးသည့် ကျောက်စာများဖြစ်ကြသည်။ သို့သော် ပုဂံကျောက်စာများတွင် မွန်ဘာသာ၊ ပါဠိဘာသာစသည့်အခြားဘာသာစကားများဖြင့် ရေးထိုးသည့် ကျောက်စာများကိုလည်းတွေ့ရှိရသည်။

ပါဠိဘာသာဖြင့်ရေးထိုးသည့် စာသားကို မြန်မာကျောက်စာတချို့တွင် တစ်စိတ်တစ်ပိုင်းတွေ့ရှိရကာ ပါဠိဘာသာစကားဖြင့် တစ်မျက်နှာအပြည့် ရေးထိုးထားသည့် ကျောက်စာသည် ရာဇကုမာရ် ကျောက်စာဖြစ်သည်။

မျက်နှာလေးဖက်ပါရှိသည့် ရာဇကုမာရ်ကျောက်စာတွင် မျက်နှာတစ်ဖက်ကို ပါဠိဘာသာဖြင့်ရေးထိုးထားသည်။

ပါဠိဘာသာစကားသည် အသံထွက်သာရှိ၍ ကိုယ်ပိုင်အက္ခရာစာလုံးမရှိသဖြင့် မိမိတို့အသုံးပြုလိုသည့် ဘာသာစကား အက္ခရာစာလုံးများဖြင့်ပင် ရေးကြရသည်။ ထို့ကြောင့် ပုဂံခေတ်ထိုးပါဠိကျောက်စာများကို ပုဂံခေတ်သုံး မြန်မာအက္ခရာများဖြင့်ပင် တွေ့ရှိကြရခြင်းဖြစ်သည်။

ပုဂံခေတ်ထိုးကျောက်စာများတွင် မြန်မာမပါဘဲ ပါဠိဘာသာဖြင့်သာရေးထိုးသည့် ကျောက်စာသည် အနည်းငယ်မျှသာရှိသည်။ ထိုကျောက်စာများအနက် ထင်ရှားသည့်ကျောက်စာသည် သက္ကရာဇ် ၄၉၂ ခုနှစ်တွင် ရေးထိုးသည့် ရွှေဂူကြီးဘုရားကျောက်စာဖြစ်သည်။ ၎င်းကျောက်စာကို ပါဠိဘာသာဖြင့် သီးသန့်ရေးထိုးထားပြီး ကျောက်စာနိဂုံးပိုင်းတွင် သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ကျောက်စာရေးထိုးသူသည် ရွှေဂူကြီးဘုရားအလှူရှင် ပုဂံဘုရင် အလောင်းစည်သူ(၁၁၁၃-၁၁၆၀) ဖြစ်သည်။

**ရွှေဂူဒါယကာ အလောင်းစည်သူ**

အလောင်းစည်သူသည် ပုဂံဘုရင်များအနက် ထင်ရှားသော ဘုရင်တစ်ပါးဖြစ်၍ ကျောက်စာများတွင် သက်တော်ရှည်ဟုလည်းကောင်း၊ ရွှေဂူဒါယကာဟုလည်းကောင်း တွေ့ရှိရသည်။ ချက်တော်ရှည်မင်းသားဟုလည်း အမှတ်အသားရှိသည်။ အလောင်းစည်သူသည် ကျန်စစ်သား၏မြေးဖြစ်ကာ ကျန်စစ်သားနတ်ရွာစံပြီးနောက် ပုဂံထီးနန်းကို ဆက်ခံခဲ့သည်။ ကျန်စစ်သားမင်းကြီးသည် အလောင်းစည်သူမင်းသားကို ငယ်စဉ်ကပင် သီရိဇေယျာသူရအမည်ဖြင့် ဘိသိက်သွန်းကာ မင်းမြှောက်ခဲ့သည်။

ပုဂံဘုရင်များတွင် စည်သူဘွဲ့ခံဘုရင်များရှိရာ သမိုင်းပညာလေ့လာသူများက အလောင်းစည်သူကို ပထမစည်သူဟု အမည်တပ်ကြသည်။

ပုဂံနဂါးရုံဘုရား အရှေ့တောင်ဘက်မှ အလောင်းစည်သူမင်းအမည်ပါရှိသည့် အုတ်ခွက်ဘုရားတစ်ဆူကိုရရှိခဲ့သည်။ ထိုအုတ်ခွက်ဘုရားတွင် ဗုဒ္ဓဆင်းတုတော်ငယ် ၁၀၀ ကို ပုံဖော်ပြုလုပ်ထားသည်။ အုတ်ခွက်ဘုရား၏ ကျောဘက်တွင် ရေးထိုးထားသည့်စာသားများသည် "အရပ်လေးမျက်နှာကို အစိုးရသော သီရိတြိဘုဝနာဒိတျဓမ္မမည်သော မင်းသည် သဗ္ဗညုဉာဏ်တော်ကိုလို၍ ဤဆင်းတုရုပ်ပွားတို့ကိုပြု၏။ ထိုအလှူရှင်သည် သီရိတြိဘုဝနာဒိတျဓမ္မရာဇာမင်းဖြစ်သည်"ဟု အဓိပ္ပာယ်ရှိကြောင်း သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက အနက်ပြန်ဆိုခဲ့သည်။

အလောင်းစည်သူသည် စောယွန်းနှင့် ရွှေအိမ်သည်တို့၏ သားတော်ဖြစ်၍ စောယွန်းသည် စောလူးမင်း၏ သားတော်ဖြစ်ကာ ရွှေအိမ်သည်သည် ကျန်စစ်သားနှင့် အပယ်ရတနာတို့၏ သမီးဖြစ်သည်။ သက်တော် ၂၃ နှစ်တွင် ပုဂံဘုရင်ဖြစ်လာပြီး ၄၇ နှစ်ကြာနန်းစံခဲ့သဖြင့် နန်းသက်ရှည်လျားမှုကို အကြောင်းပြုလျက် သက်တော်ရှည်ဘွဲ့ဖြင့်လည်း ထင်ရှားခဲ့သည်။

**ရွှေဂူကြီးဘုရား**

အလောင်းစည်သူမင်းတည်ခဲ့သည့် ရွှေဂူကြီးဘုရားသည် သဗ္ဗညုဘုရား၏ မြောက်ဘက်တွင် အာနန္ဒာစေတီနှင့် ကန်တော့ပလ္လင်ဘုရားကြားတွင် တည်ရှိသည်။ ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ဂူဘုရားဖြစ်ကာ အလောင်းစည်သူမင်းက ၁၁၃၁ ခုနှစ်တွင် တည်ခဲ့သည့် ၁၂ ရာစုလက်ရာဖြစ်သည်။ အလောင်းစည်သူသည် ပုဂံထီးနန်းကိုဆက်ခံပြီးနောက် ရဟန်းသံဃာများနှင့်တိုင်ပင်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ ဂန္ဓကုဋိတိုက်ပုံစံကို ယူ၍ နန်းဦးတွင် စေတီတည်ကာ ရွှေဂူကြီးဘုရားဟု အမည်ပေးခဲ့သည်။ ရွှေဂူကြီးသည် အလောင်းစည်သူထီးနန်းရရှိပြီးနောက် ရှေးဦးစွာတည်ခဲ့သည့် ဘုရားလည်းဖြစ်သည်။

ရွှေဂူကြီးဘုရားသည် မြောက်ဘက်သို့ မျက်နှာမူ၍ မြင့်မားသောအုတ်ခုံပလ္လင်ပေါ်တွင် ဂူဘုရားကို တည်ထားသည်။ ဘုရားကိုရှိခိုးနေဟန် နတ်ရုပ်များ၊ မုခ်တံကဲ၊ တိုင်ထောင့်ပန်း၊ တိုင်ဖုံးများသည် ရွှေဂူကြီး၏ ထင်ရှားသော အင်္ဂတေလက်ရာများဖြစ်သည်။ ဘီလူးပန်းဆွဲများ၊ စဉ့်ကွင်းများနှင့် ပေါင်းကူးမုခ်ခုံးလက်ရာများကိုလည်း တွေ့ရှိရသည်။

မြန်မာရာဇဝင်ကျမ်းများ၏အလိုအရ အလောင်းစည်သူ၏သားတော် နရသူသည် နာမကျန်းဖြစ်နေသည့် ခမည်းတော်ကို ရွှေဂူကြီးဘုရားအတွင်းသို့ ပြောင်းရွှေ့စေပြီးနောက် အဝတ်ဖြင့် ဖိသတ်ခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်ရာ အလောင်းစည်သူသည် မိမိတည်ထားခဲ့သည့် ရွှေဂူကြီးဘုရားအတွင်းမှာပင် နတ်ရွာစံခဲ့သည်ဟု ယုံကြည်လက်ခံထားကြသည်။

အလောင်းစည်သူသည် ရွှေဂူကြီးအပါအဝင် ဘုရားပုထိုးများကို တည်ထားခဲ့ရာ ပုဂံရှိ သဗ္ဗညုဘုရားသည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ အညာသီဟတောဘုရား၊ ပခုက္ကူရွှေဂူကြီးဘုရား၊ သီဟိုဠ်ရှင်ဘုရား၊ စစ်ကိုင်းရှင်ဖြူရှင်လှဘုရားအပါအဝင် စေတီပုထိုးများကို တည်ထားခဲ့သည်။

အလောင်းစည်သူသည် ပုဂံရှိ ရွှေဂူကြီးဘုရားနှင့် သဗ္ဗညုဘုရားတို့တွင် ကြေးစင်တစ်သောင်းသွန်းလောင်းသည့် ခေါင်းလောင်းတစ်လုံးစီကို လှူဒါန်းခဲ့သည်ဟုဆိုကြသည်။ သို့သော် ပုဂံတွင် ပုဂံခေတ်လက်ရာခေါင်းလောင်းများကို မတွေ့ရှိရသကဲ့သို့ ရွှေဂူကြီးနှင့် သဗ္ဗညုတို့တွင်လည်း ခေါင်းလောင်းများကို မတွေ့ကြရချေ။ သို့သော် သဗ္ဗညုဘုရား၏ အရှေ့တောင်ဘက်တွင် ခေါင်းလောင်းစင်ဟုယူဆနိုင်သည့် အုတ်တိုင်ကြီးနှစ်တိုင်ကို ယခုတိုင် မြင်တွေ့နိုင်ကြပေသည်။

**ရွှေဂူကြီးကျောက်စာ**

အလောင်းစည်သူနှင့်ပတ်သက်သည့် အထင်ရှားဆုံး ကျောက်စာအထောက်အထားသည် ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ရွှေဂူကြီးကျောက်စာဖြစ်သည်။ ရွှေဂူကြီးကျောက်စာကို မူလတည်ရှိရာနေရာဖြစ်သည့် ရွှေဂူကြီးဘုရား၌ပင် ထိန်းသိမ်းထားရှိသည်။

ရွှေဂူကြီးကျောက်စာသည် နှစ်မျက်နှာထိုး ကျောက်စာဖြစ်၍ မျက်နှာဘက်ခြမ်းတွင် စာကြောင်း ၄၇ ကြောင်းနှင့် ကျောဘက်ခြမ်းတွင် စာကြောင်း ၄၅ ကြောင်းပါရှိသဖြင့် ၉၂ ကြောင်းပါ ကျောက်စာဖြစ်သည်။ ကျောက်စာတွင် ဘာသာနှစ်မျိုးပါရှိရာ ပါဠိဘာသာဖြင့် ရေးထိုးထားသည့်အပိုင်းတွင် အလောင်းစည်သူမင်း၏ဆုတောင်းကို ရေးထိုးထားပြီး သက္ကတဘာသာဖြင့် ရေးထိုးထားသည့်အပိုင်းတွင် ရွှေဂူကြီးကိုတည်ဆောက်သည့် ခုနှစ်၊ သက္ကရာဇ်ကိုဖော်ပြထားသည်။

ကျောက်စာ၏ အဓိကစာကိုယ်သည် ပါဠိဘာသာဖြင့် ရေးထိုးထားသည့် အပိုင်းဖြစ်သည်။ ဒေါက်တာသန်းထွန်း၏ ပြန်ဆိုမှုတွင် ရွှေဂူကြီးဘုရားကို ၁၁၃၁ ခုနှစ် မေ ၁၇ ရက် တနင်္ဂနွေနေ့တွင် စတင်တည်ခဲ့ပြီး ၁၁၃၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် ဗုဒ္ဓဟူးနေ့တွင်ပြီးဆုံးသဖြင့် တည်ဆောက်ချိန် ခုနစ်လကြာမြင့်ကြောင်း ရေးသားခဲ့သည်။ ထိုခုနှစ်သက္ကရာဇ်ကို သက္ကတဘာသာဖြင့် ရေးထိုးထားသည်။ ကျောက်စာတွင် ရေးထိုးထားသည့် ပြက္ခဒိန်ခုနှစ်သည် သကနှစ် (Saka)ပြက္ခဒိန်ဖြစ်သည်ဟု ဒေါက်တာသန်းထွန်းက ဖော်ထုတ်ခဲ့သည်။ သကနှစ်သည် ၇၈ ခုမှ စသည့် ပြက္ခဒိန်ခုနှစ်ဖြစ်သည်။

❖ ရွှေဂူကြီးကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ မျက်နှာဘက်ခြမ်းတွင် စာကြောင်း ၄၇ ကြောင်းနှင့် ကျောဘက်ခြမ်းတွင် စာကြောင်း ၄၅ ကြောင်းပါရှိသဖြင့် ၉၂ ကြောင်းပါ ကျောက်စာဖြစ်သည်။ ကျောက်စာတွင် ဘာသာနှစ်မျိုးပါရှိရာ ပါဠိဘာသာဖြင့် ရေးထိုးထားသည့်အပိုင်းတွင် အလောင်းစည်သူမင်း၏ဆုတောင်းကို ရေးထိုးထားပြီး သက္ကတဘာသာဖြင့်ရေးထိုးထားသည့်အပိုင်းတွင် ရွှေဂူကြီးကို တည်ဆောက်သည့် ခုနှစ်၊ သက္ကရာဇ်ကိုဖော်ပြထားသည်။ ❖

**ကျောက်စာပါ အကြောင်းအရာများ**

ရွှေဂူကြီးကျောက်စာတွင် ရေးထိုးထားသည့် ပါဠိဂါထာ ၁၀၀ ကို ဦးဖေမောင်တင်နှင့် ပါမောက္ခလုစ်တို့က အင်္ဂလိပ်ဘာသာသို့ ကဗျာများအဖြစ် ဦးစွာပြန်ဆိုခဲ့ပြီး နောက်ပိုင်းတွင် စကားပြေပုံစံဖြင့် ပြန်ဆိုခဲ့သည်။ အင်္ဂလိပ်-မြန်မာ အဘိဓာန်ပြုစုသူ ဆရာဦးထွန်းမြင့်ကလည်း ရွှေဂူကြီးကျောက်စာကို အင်္ဂလိပ်ဘာသာသို့ စကားပြေပုံစံဖြင့် ပြန်ဆိုခဲ့သည်။

ကျောက်စာပါအကြောင်းအရာများကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက မြန်မာဘာသာသို့ အချုပ်ပြန်ဆိုခဲ့ရာ မြတ်စွာဘုရားကိုရှိခိုးကန်တော့ပါ၏။ ဘုရားငါးဆူပွင့်လတ္တံ့သော ဤကမ္ဘာတွင် လေးဆူပွင့်ပြီး၍ ဂေါတမမြတ်စွာဘုရားသည် ပါရမီအပေါင်းကိုဖြည့်ကျင့်ပြီးနောက် စွန့်ခြင်းကြီးငါးပါးကို စွန့်ခဲ့၏ဟုအစချီသည့် ဘုရားရှင်၏ဖြစ်တော်စဉ်များကို ရေးထိုးခဲ့သည်။ ဝေဿန္တရာဘဝ၌ ပါရမီတော် ၁၀ ပါးကို နောက်ဆုံးဖြည့်ကျင့်ပုံ၊ တုသိတာနတ်ပြည်၌ စံစားပုံ၊ ဗုဒ္ဓအဖြစ်ပွင့်တော်မူရန် သကျမျိုးနွယ်၌ ဖွားတော်မူပုံ၊ တောထွက်ကာ ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ်ကြာကျင့်ကြံအားထုတ်ပြီး ဘုရားအဖြစ် ပွင့်တော်မူပုံတို့ကို တစ်ကြောင်းချင်းစီ ရေးထိုးထားသည်။

စာကြောင်း ၂၂ မှစ၍ လူမင်းသီရိတြိဘုဝနာဒိတျဓမ္မရာဇာ (အလောင်းစည်သူမင်း)သည် သာသနာကို ကောင်းစွာသက်ဝင်ယုံကြည်လျက် ဘုရားရှင်သီတင်းသုံးရန် ဂန္ဓကုဋိကိုပြု၍ စေတီတည်ခြင်း၊ ဘုရားကိုပူဇော်သည့် နတ်ရုပ်များကို ထုလုပ်ခြင်း၊ ရုပ်ပွားတော်မြတ်ကိုကိုးကွယ်ခြင်း၊ ပိဋကသုံးပုံကို ရေးကူးခြင်း၊ သံဃာတော်များအား ဆွမ်းသင်္ကန်းလှူဒါန်းခြင်းတို့ကို ဖော်ပြခဲ့သည်။ ထိုကောင်းမှုကုသိုလ်များကိုပြုပြီး ဘုရားဆုကိုပန်ကြောင်း ရှည်လျားစွာ တောင်းဆုဆိုပုံများကို ရေးထိုးထားပေသည်။

ရွှေဂူကြီးကျောက်စာသည် ပိဋကတ်တော်မှ သင့်လျော်ရာ ကောက်နုတ်ချက်များကိုစုစည်းရေးထိုးထားသဖြင့် ပုဂံခေတ် ပါဠိစာပေ အဆင့်မြင့်ပုံကို မှန်းဆကြည့်နိုင်သည်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက ရွှေဂူကြီးကျောက်စာတွင် ရေးထွင်းထားသည့် အက္ခရာပုံစံများသည် ၁၄ ရာစု လက်ရာများဖြစ်သဖြင့် ထိုကျောက်စာသည် ၁၄ ရာစုနှစ်ဒုတိယပိုင်းတွင် မူရင်းကျောက်စာကို ပြန်လည်ရေးကူးထားသည့် မူပွားကျောက်စာဖြစ်မည်ဟု ရေးသားခဲ့သည်။ မူပွားဟုဆိုသော်လည်း မှန်ကန်တိကျသည့် ဆင့်ထိုးကျောက်စာဖြစ်ကြောင်းကိုလည်း သုံးသပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပုဂံဘုရင် အလောင်းစည်သူ ရေးထိုးခဲ့သည့် ရွှေဂူကြီးကျောက်စာသည် ပါဠိနှင့် သက္ကတနှစ်ဘာသာဖြင့် ရေးထိုးခဲ့သည့် ပုဂံမှတ်တမ်းတစ်ခုအဖြစ် ထင်ရှားခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဌမတွဲ (ဦးမြင့်မောင်)
- တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ (ဒေါက်တာသန်းထွန်း)
- ပုဂံမင်းဆက်ရာဇဝင်သစ် (တင်နိုင်တိုး)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# တိုးတက်ဖို့ရာ ကြိုးစားပါ

\- ကိုယ်ပိုင်ဉာဏ် အစွမ်းအစနဲ့  
ခွန်အားပြ ကြိုးစားပါ၊  
တိုးတက်မည် အစဉ်မလွဲ  
အောင်ပွဲရှိမှာ၊  
ရှုံးနိမ့်ခြင်း မမှုကာ  
ရှေ့သို့သာ ရောက်စေရေး၊  
တစ်နေ့ဝယ် အောင်မြေနင်းမယ်  
ဖွဲ့သွင်းကြလေး။

\- လောကမှာ တိုးတက်ဖို့  
နည်းလမ်းတို့ ရှိနေသည်၊  
အပျင်းကို ရှေ့မထားဘဲ  
နိုးကြားရမည်၊  
ပန်းတိုင်သို့ ဆက်လက်ချီ  
ရိုးသားတည် စိတ်နှလုံး၊  
မကောင်းကြဉ် ကောင်းမှုပြုကွယ်  
တွေးရှုခလေ့ထုံး။

\- လမ်းမှန်ကို လျှောက်လှမ်းကြတော့  
ပန်းတိုင်က စောင့်ကြိုနေ၊  
ဖြတ်လမ်းတွေ အလွယ်မလိုက်  
မိုက်မဲရှောင်စေ၊  
ကိုယ်ပိုင်အသိ ဉာဏ်စွမ်းတွေ  
ဖော်ထုတ်လေ လှုပ်ရှား၊  
ပန်းတိုင်ဆီ အရောက်လှမ်းဖို့  
ကြိုးပမ်းစေသား။ ။

မောင်မျိုးချစ်(အညာမြေ)

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ဇီယာဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဇီယာဆန်အရောင်းအဝယ်ကောင်းနေတော့ စိုက်ပျိုးသူတွေ အဆင်ပြေနေပါတယ်'' ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**နောင်ချို ဇွန် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဘန့်ဘွေးကျင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် တာဝန်ရှိသူများက ဘန့်ဘွေးကျင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

ဘန့်ဘွေးကျင်းကျေးရွာ၌ တစ်မိုင်လေးဖာလုံ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၅ သန်းဖြင့် ဧပြီလ စတုတ္ထပတ်မှစတင်၍ ဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## နိုင်ငံတကာသတင်းများ

# အမေရိကန်နှင့် သတင်းစကားဖလှယ်မှု အီရန်ကိုယ်စားလှယ်များ ရပ်ဆိုင်းထားဟုဆို

**တီဟီရန် ဇွန် ၂**

လက်ဘနွန်နိုင်ငံ တိုက်ခိုက်ခံနေရမှုကြောင့် အီရန်အစိုးရ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိုယ်စားလှယ်များအနေဖြင့် ကြားနိုင်ငံများမှတစ်ဆင့် အမေရိကန်အစိုးရကိုယ်စားလှယ်များနှင့် သတင်းစကားပေးပို့ဖလှယ်မှုများ ရပ်ဆိုင်းထားကြောင်း အီရန်အစိုးရမီဒီယာများက ဇွန် ၁ ရက်တွင် သတင်း ထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အီရန်နှင့် ခုခံရေးတပ်ဦး အင်အားစုများအနေဖြင့် ဟော်မုဇ်ရေလက်ကြားကို အပြည့်အဝ ပိတ်ဆို့၍ ဘက်အယ်လ်မင်ဒက် ရေလက်ကြားအပါအဝင် အခြားနေရာများ၌ စစ်မျက်နှာများဖွင့်၍ အစွရေးကို တုံ့ပြန်ရန်စီစဉ်ထားကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သုံးလကြာ အီရန်ပဋိပက္ခအဆုံးသတ်ရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းနေကြချိန်တွင် အီရန် ငြိမ်းချမ်းရေးကိုယ်စားလှယ်များက အမေရိကန်နိုင်ငံနှင့် သတင်းစကားဖလှယ်မှု ရပ်တန့်ထားကြောင်း သတင်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံကို အစ္စရေးက စစ်ရေးအရ တိုက်ခိုက်နေမှုများကို တုံ့ပြန်သည့်အနေဖြင့် အီရန်၏ ယီမင်အခြေစိုက် မဟာမိတ်အုပ်စုဖြစ်သည့် ဟူသီအုပ်စုသည် ဘက်အယ်လ်မင်ဒက် ရေလက်ကြားကို ပစ်မှတ်ထားတိုက်ခိုက်လာနိုင်ဖွယ်ရှိသည်။

ဘက်အယ်လ်မင်ဒက် ရေလက်ကြားသည် ယီမင်နိုင်ငံကမ်းလွန်၌တည်ရှိပြီး ပင်လယ်နီကို အေဒင်ပင်လယ်ကွေ့နှင့် ချိတ်ဆက်ပေးထားသောရေလက်ကြားဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အာဖရိကရှိ ဗီဇာထုတ်ပေးနိုင်သည့် သံရုံးအရေအတွက် အမေရိကန်လျှော့ချမည်

**နယူးယောက် ဇွန် ၂**

အာဖရိကတိုက်ရှိ အမေရိကန်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများအနက် အမေရိကန် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးနိုင်သော သံရုံးနှင့် ကောင်စစ်ဝန်ရုံး အရေအတွက်ကို လျှော့ချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း ဇွန် ၁ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အာဖရိကတိုက်၌ အမေရိကန်ပြည်ဝင်ခွင့်ဗီဇာများ စိစစ်ထုတ်ပေးနိုင်သော သံရုံးနှင့် ကောင်စစ်ဝန်ရုံး ၅၀ ခန့်ရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ သံရုံးအရေအတွက်ကို ၂၀ ထိ လျှော့ချရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်များကပြောကြားထားသည်။

ထို့ပြင် အမေရိကန်အစိုးရသည် ကမ္ဘာတစ်ဝန်းရှိ သံရုံးများနှင့် ကောင်စစ်ဝန်ရုံး ဝန်ထမ်းများ အင်အားကိုလည်း လျှော့ချရန်စီစဉ်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တင်းကျပ်သည့် လူဝင်မှုကန့်သတ်ရေးမူဝါဒများ ချမှတ်ကျင့်သုံးနေချိန်တွင် အာဖရိကတိုက်ရှိ သံရုံးနှင့် ကောင်စစ်ဝန်ရုံးများအနက် ဗီဇာထုတ်ပေးနိုင်သော သံရုံးနှင့် ကောင်စစ်ဝန်ရုံး အရေအတွက်လျှော့ချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန် အစိုးရသည် အာဖရိကနိုင်ငံအချို့မှ နိုင်ငံသားများကိုလည်း အမေရိကန်ပြည်ဝင်ခွင့် ကန့်သတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO




# ပါရှန်ပင်လယ်ကွေ့၌ ပိတ်မိနေသည့် နိုင်ငံတကာသင်္ဘောသားများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာအာမခံချက်များမရှိသေးကြောင်း ကုလသမဂ္ဂပြောကြား



**နယူးယောက် ဇွန် ၂**

အီရန်ပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်ထားသည့်တိုင် ပါရှန်ပင်လယ်ကွေ့ရေပြင်အတွင်း ပိတ်မိနေသော နိုင်ငံတကာ သင်္ဘောသားများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အာမခံချက်များ မရှိသေးကြောင်း ကုလသမဂ္ဂ နိုင်ငံတကာပင်လယ်ရေကြောင်းအဖွဲ့ချုပ် (အိုင်အမ်အို) တာဝန်ရှိသူများက ဇွန် ၁ ရက်တွင် ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သည့်ပဋိပက္ခကို ဧပြီ ၈ ရက်တွင်ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်ဆိုင်းထားသည်။

သို့ရာတွင် အီရန်ပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်ထားသည့်တိုင် ပိတ်မိနေသော သင်္ဘောသားများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အာမခံချက်များ မရှိသေးကြောင်း အိုင်အမ်အို အတွင်းရေးမှူးချုပ် အာဆင်နီယိုဒိုမင်ဂတ်ဇ်က ဇွန် ၁ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

အီရန်ပဋိပက္ခစတင်ခဲ့ပြီးနောက် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ခဲ့ရာ ပါရှန်ပင်လယ်ကွေ့ရေပြင်များအတွင်း သင်္ဘောရာပေါင်းများစွာနှင့် သင်္ဘောသားဦးရေ ၂၀၀၀၀ ကျော် ပိတ်မိနေခဲ့သည်။

ထို့ပြင် ပဋိပက္ခကာလတစ်လျှောက်တွင် ပါရှန်ပင်လယ်ကွေ့ရေပြင်များအတွင်း သင်္ဘောသား ၁၁ ဦးထိ သေဆုံးခဲ့သည်။

လက်ရှိအချိန်တွင် ပိတ်မိနေသူ သင်္ဘောသားများ ဟော်မုဇ်ရေလက်ကြားကိုဖြတ်သန်းနိုင်ရေးအတွက် ရေကြောင်းလုံခြုံရေး လမ်းကြောင်းတစ်ခု ထားရှိရန် အိုင်အမ်အိုက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့နှင့် အခြား မြို့ကြီးများကို ရုရှားတပ်မတော် တိုက်ခိုက်

**မော်စကို ဇွန် ၂**

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့နှင့် အခြားမြို့ကြီးများကို ယနေ့ နံနက်ပိုင်းတွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း လူ ၁၁ ဦးသေဆုံး၍ ဦးရေ ၁၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ယူကရိန်းအာဏာပိုင်များက သတင်းထုတ်ပြန်ထားသည်။

ယနေ့ လေကြောင်းတိုက်ခိုက်မှုများတွင် ရုရှားတပ်များက မောင်းသူမဲ့ဒရုန်းယာဉ် ၆၅၆ စင်းနှင့် ဒုံးကျည် ၇၃ စင်းထိ အသုံးပြုခဲ့သည်။

ထို့ပြင် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများအတွင်း ရုရှားတပ်များအနေဖြင့် ဇာကွန်အသံထက်မြန်နှုန်းလွန်ဒုံးကျည် အနည်းဆုံးရှစ်စင်းကို အသုံးပြုခဲ့ကြောင်း ယူကရိန်းလေတပ် တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းမြို့များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနကအတည်ပြုထားပြီး ပစ်မှတ်ထိမှန်မှုတိကျသော တာဝေးပစ်လက်နက်များ အသုံးပြုခဲ့ကြောင်း ကြေညာထားသည်။

ယူကရိန်းက အရပ်ဘက်ပစ်မှတ်များ တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ကိယက်ဗ်မြို့ကို ပြင်းထန်စွာတိုက်ခိုက်မည်ဟု ရုရှားနိုင်ငံက သတိပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အမေရိကန်၏ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုစောင့်ကြည့်ရေးစခန်း ဖွင့်လှစ်မည့်အစီအစဉ် ကင်ညာပြည်သူများ ဆန္ဒပြကန့်ကွက်

**နိုင်ရိုဘီ ဇွန် ၂**

ကင်ညာနိုင်ငံ နန်ယူကီမြို့ရှိ စစ်စခန်းတစ်ခု၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှု စောင့်ကြည့်ရေးစခန်းဖွင့်လှစ်မည့် အမေရိကန်အစိုးရ၏အစီအစဉ်ကို ဒေသခံပြည်သူများက ဇွန် ၁ ရက်တွင် ဆန္ဒပြ ကန့်ကွက်ခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် နန်ယူကီမြို့အနီးရှိ လိုင်ကီပီယာလေတပ်စခန်း၌ အီဘိုလာဗိုင်းရပ်စ်ရောဂါလူနာများနှင့် ထိတွေ့ခဲ့ဖူးသော အမေရိကန်နိုင်ငံသားများအတွက် ရောဂါ စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါ အစီအစဉ်ကို နန်ယူကီမြို့ခံပြည်သူများက ကန့်ကွက်ထားပြီး ဇွန် ၁ ရက်တွင် ဆန္ဒပြပွဲများ ကျင်းပခဲ့ကြသည်။

လိုင်ကီပီယာ လေတပ်စခန်း၌ အမေရိကန်နိုင်ငံသားများအတွက် အီဘိုလာရောဂါ စောင့်ကြည့်ရေးစခန်းထားရှိမည့် အစီအစဉ်ကို ယာယီရပ်ဆိုင်းထားရန် ကင်ညာတရားလွှတ်တော်ချုပ်က ညွှန်ကြားထားသည်။

အမေရိကန်အစိုးရ တာဝန်ရှိသူများ၏အဆိုအရ အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြည့်ရေးစခန်းမှာ ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် စတင်၍ လုပ်ငန်းလည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။


ကင်ညာနိုင်ငံ၏ ယိုယွင်းနေသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်အရ အီဘိုလာဗိုင်းရပ်စ်ရောဂါ စောင့်ကြည့်ရေးစခန်းကို လက်မခံသင့်ဟု ဆန္ဒပြသမားများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်၏ပတ်လမ်းပေါ်၌ အန္တရာယ်ကြီးမားသည့် အာကာသအမှိုက်အရေအတွက် တဖြည်းဖြည်းပိုများလာ



ဝါရှင်တန် ဇွန် ၂

ကမ္ဘာဂြိုဟ်၏ ပတ်လမ်းပေါ်၌ အန္တရာယ်ကြီးမားသည့် အာကာသ အမှိုက်အရေအတွက် တဖြည်း ဖြည်း ပိုများလာကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၁ ရက် သတင်းများ အရ သိရသည်။

ဒုံးပျံလွှတ်တင်မှုအားလုံးကို လက်ရှိတွင် ရပ်ဆိုင်းခဲ့လျှင်ပင် ကမ္ဘာပတ်လမ်းပေါ်ရှိ အာကာသ အမှိုက်ပြဿနာမှာ ပိုဆိုးလာနိုင် ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

အမေရိကန်နိုင်ငံ အာကာသ စောင့်ကြည့်ရေးကွန်ရက်၏ အဆို အရ လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းပေါ်၌ ခြေရာခံစောင့်ကြည့် နိုင်သည့် အာကာသအမှိုက် ၃၃၀၀၀ ကျော်တို့မှာ ကမ္ဘာဂြိုဟ် ကို တစ်နာရီလျှင် ၂၈၀၀၀ ကီလိုမီ တာ အမြန်နှုန်းဖြင့် လှည့်ပတ်နေ ကြောင်း သိရသည်။

အဆိုပါ အာကာသအမှိုက်များ သည် ကမ္ဘာဂြိုဟ်ကို လှည့်ပတ်နေ ချိန်တွင် တစ်ခုနှင့်တစ်ခု ဝင်တိုက် ၍ ပို၍သေးငယ်သည့် အစိတ်အပိုင်း များပေါ်ထွက်လာနိုင်ပြီး ဂြိုဟ်တု များနှင့် အာကာသစခန်းများကို ဝင်တိုက်နိုင်ခြေ မြင့်မားလာနိုင် ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

သိပ္ပံပညာရှင်များ၏ တွက် ချက်မှုအရ ကမ္ဘာပတ်လမ်းပေါ်ရှိ အာကာသအမှိုက် အရေအတွက် မှာ တန်ချိန်ပေါင်း ၁၅၈၀၀ ကျော် ထိရှိရာ ဂျန်ဟိုဂျက်လေယာဉ်အစင်း ၄၀ မှ ပေါ်ထွက်လာသည့် အစိတ် အပိုင်း ပမာဏနှင့်ညီမျှကြောင်း သိပ္ပံ ပညာရှင်များက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အစိုးရများနှင့် အာကာသအေဂျင် စီများသည် ကမ္ဘာပတ်လမ်းကြောင်း ပေါ်ရှိ အာကာသအမှိုက်များ ဖယ်ရှားရေး နည်းပညာများကို ဖော်ထုတ် စမ်းသပ်လျက်ရှိသည်။

Ref : Russia Today

Trs : KKO

## တရုတ်နိုင်ငံ ရှီအန်းမြို့အခြေစိုက် တရုတ်ပုဂ္ဂလိက ဒုံးပျံနည်းပညာကုမ္ပဏီက ချီအမျိုးအစား ဒုံးအင်ဂျင်သစ်ကို အောင်မြင်စွာစမ်းသပ်ခဲ့

ပေကျင်း ဇွန် ၂

တရုတ်နိုင်ငံ ရှီအန်းမြို့အခြေ စိုက် တရုတ်ပုဂ္ဂလိက ဒုံးပျံနည်းပ ညာကုမ္ပဏီသည် ၎င်း၏ ချီအမျိုး အစား ဒုံးအင်ဂျင်သစ်ကို အောင်မြင် စွာ စမ်းသပ်ခဲ့ကြောင်း ဇွန် ၁ ရက် သတင်းများအရ သိရသည်။

မီဂါအင်ဂျင်နည်းပညာကုမ္ပဏီ အမည်ရှိအထက်ပါတရုတ်ကုမ္ပဏီ ၏ ချီဒုံးအင်ဂျင်သစ်သည် ကာရို ဆင်းနှင့် အောက်ဆီဂျင်လောင်စာ ရည်သုံး ဒုံးပျံအင်ဂျင်ဖြစ်သည်။

မီဂါအင်ဂျင်နည်းပညာကုမ္ပဏီ သည် ချီဒုံးအင်ဂျင်သစ်ကို စက္ကန့် ပေါင်း ၁၀၀၀ ထိ စက်နှိုးစမ်းသပ်ခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

နောက်ဆုံး စမ်းသပ်မှုကို ထည့်သွင်းတွက်ချက်ပါက မီဂါ အင်ဂျင်ကုမ္ပဏီသည် ချီဒုံးအင်ဂျင် သစ်ကို စက္ကန့်ပေါင်း ၂၀၀၀ ထိ စမ်းသပ် လည်ပတ်ခဲ့ပြီးဖြစ် ကြောင်း သိရသည်။



မီဂါအင်ဂျင်ကုမ္ပဏီ၏ အဆို အရ ချီဒုံးအင်ဂျင်သည် အကြိမ် ကြိမ်ပြန်လည် အသုံးပြုနိုင်သော ဒုံးအင်ဂျင် အမျိုးအစားဖြစ်ပြီး တွန်းပင့်အား ၃၅ တန်နှင့် ၇၅ တန်ကြား ထုတ်ပေးနိုင်ကြောင်း သိရသည်။

မီဂါအင်ဂျင်ကုမ္ပဏီသည် တွန်းပင့်အားတန် ၂၀၀ ထိ ထုတ် ပေးနိုင်သော ယန်အမည်ရှိ ဒုံးအင် ဂျင်သစ်တစ်မျိုးကိုလည်း တည် ဆောက်လျက်ရှိသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာ့လေထုလွှာထဲ ဝင်ရောက်လာသည့် ဥက္ကာခဲတစ်ခဲပြိုကွဲမှုကြောင့် မက်ဆာချူးဆက်ပြည်နယ်နှင့် ရုဒ်ကျွန်းတို့၏အဆောက်အအုံများ တုန်ခါခဲ့ရ

ဝါရှင်တန် ဇွန် ၂

အမေရိကန်နိုင်ငံ နယူးအင်္ဂလန် ဒေသ၌ တစ်နာရီလျှင် မိုင် ၇၅၀၀၀ အမြန်နှုန်းဖြင့် ကမ္ဘာ့လေထုလွှာထဲ ဝင်ရောက်လာသည့် ဥက္ကာခဲတစ်ခဲ ပြိုကွဲမှုကြောင့် မက်ဆာချူးဆက် ပြည်နယ်နှင့် ရုဒ်ကျွန်းတို့၏ အဆောက်အအုံများ တုန်ခါခဲ့ရ ကြောင်း ဇွန် ၁ ရက် သတင်းများ အရ သိရသည်။

အဆိုပါ ဥက္ကာခဲသည် မေ ၃၀ ရက်တွင် နယူးအင်္ဂလန်ဒေသ လေ ထုလွှာအတွင်း ဝင်ရောက်လာခြင်း ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာ ကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) က အတည်ပြုထားသည်။

လေထုလွှာအတွင်း ဝင်ရောက် လာသော ဥက္ကာခဲပြိုကွဲမှုကြောင့် ပြင်းထန်သည့် အသံလှိုင်းပေါက်ကွဲ မှုဖြစ်ပွားခဲ့ပြီး မက်ဆာချူးဆက် ပြည်နယ်နှင့် ရုဒ်ကျွန်းတို့ရှိ အဆောက်အအုံများ တုန်ခါခဲ့ရ ကြောင်း သိရသည်။

အဆိုပါ ဥက္ကာခဲပြိုကွဲမှုကြောင့် ပေါ်ထွက်လာသည့် ပေါက်ကွဲအား မှာ တီအန်တီယမ်းဘီလူး တန် ၃၀၀ ပေါက်ကွဲအားနှင့် ညီမျှ ကြောင်း နာဆာသိပ္ပံပညာရှင် များက တွက်ချက်ထားသည်။

၎င်းဥက္ကာခဲသည် မက်ဆာချူး ဆက်ပြည်နယ် အရှေ့မြောက်ပိုင်း နှင့် နယူးဟန်ရှိုင်းယားပြည်နယ် အရှေ့တောင်ပိုင်း ကောင်းကင်ယံ မြေပြင်အထက်ပိုင်း ၄၀ ခန့် တွင် ပြိုကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် ဥက္ကာခဲလေ့လာ ရေးအသင်း၏ တွက်ချက်မှုအရ အထက်ပါဥက္ကာခဲ၏ အရွယ်အစား မှာ အချင်းသုံးပေခန့်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## Daraxonrasib အမည်ရှိ ဆေးတစ်မျိုးက ပန်ကရိယကင်ဆာလူနာများ၏ အသက်ရှင်ချိန်ကို နှစ်ဆနီးပါးမြှင့်တင်နိုင်

နယူးယောက် ဇွန် ၂

Daraxonrasib အမည်ရှိ ဆေး တစ်မျိုးသည် ရောဂါပြင်းထန်သည့် ပန်ကရိယကင်ဆာ လူနာများ အသက်ရှင်ချိန်ကို နှစ်ဆနီးပါးမြှင့် တင်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား ၍ ဇွန် ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အရီဇိုးနား တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ Daraxonrasib ဆေးသည် ပန်ကရိ ယကင်ဆာရောဂါကို ထိန်းချုပ်ရေး အတွက် အကျိုးကျေးဇူးပြုနိုင် ကြောင်း သိရသည်။

Daraxonrasib ဆေးသည် KRAS ခေါ် မျိုးဗီဇတစ်မျိုးကို ထိန်း ချုပ်ခြင်းဖြင့် ပန်ကရိယကင်ဆာ ဆဲလ်များပျံ့နှံ့မှုကို တားဆီးပေး နိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် ပန်ကရိယကင်ဆာ လူနာ ၅၀၀ ကျော်တို့ဖြင့် Darax-onrasib ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ် ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဓာတုကုထုံးခံယူ ထားသည့် ပန်ကရိယလူနာများ သည် ၆ ဒသမ ၆ လထိ အသက်ရှင် ခွင့်ရှိသော်လည်း Daraxonrasib ဆေးဖြင့် ကုသမှုခံယူထားသည့် လူနာများမှာမူ ၁၃ ဒသမ ၂ လထိ အသက်ရှင်နိုင်ကြောင်း သုတေသ နပညာရှင်များက ပြောကြားခဲ့ ကြောင်း သိရသည်။

ပန်ကရိယကင်ဆာရောဂါသည် ကုသရန်ခက်ခဲပြီး လူနာထက်ဝက် ကျော်တို့မှာ ရောဂါရှာဖွေတွေ့ရှိခဲ့ ပြီး သုံးလအတွင်း အသက်ဆုံးပါး ရတတ်သည်။

Ref : Sputnik News

Trs : KKO

## Amivantamab ထိုးဆေးသစ်တစ်မျိုးက ဦးခေါင်းနှင့်လည်ပင်းကင်ဆာရောဂါလူနာ ၄၂ ရာခိုင်နှုန်း၏ ဆဲလ်အရွယ်အစားကို လျှော့ချပေးနိုင်

လန်ဒန် ဇွန် ၂

Amivantamab အမည်ရှိ ထိုးဆေးသစ်တစ်မျိုးသည် သမား ရိုးကျ ကုထုံးများမတိုးတော့သည့် ဦးခေါင်းကင်ဆာနှင့် လည်ပင်း ကင်ဆာလူနာ ၄၂ ရာခိုင်နှုန်းတို့၌ ကင်ဆာဆဲလ်များ အရွယ်အစား ကိုလျှော့ချပေးနိုင်ကြောင်း သုတေ သနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇွန် ၁ ရက် သတင်း များတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ကင်ဆာသုတေ သနအင်စတီကျုမှ သုတေသန ပညာရှင်များသည် Amivantam-ab အမည်ရှိ အထက်ပါထိုးဆေး ဖြင့် သမားရိုးကျကုထုံးများမတိုး တော့သည့် ဦးခေါင်းနှင့်လည်ပင်း ကင်ဆာလူနာ ၈၆ ဦးကို လက်တွေ့ စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြ ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာ သည့်ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သည့်လူနာများအနက် ၄၃ ဦးတို့တွင် ကင်ဆာဆဲလ်များ အရွယ်အစားကျုံ့ဝင်ခဲ့ပြီး လူနာ ၁၅ ဦးတို့တွင် ကင်ဆာဆဲလ်များ လုံးဝ ပျောက်ကွယ်သွားသည်ကို တွေ့ရကြောင်း သုတေသနပညာ ရှင်များက ပြောကြားသည်။

ထို့ပြင် ကျန်လူနာ ၂၈ ဦးတွင် လည်း ကင်ဆာဆဲလ်များ၏ အရွယ်အစား သိသိသာသာကျုံ့ဝင် ခဲ့ကြောင်းလည်း သုတေသနပညာ ရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# French Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို ဆာဘာလင်ကာ တက်ရောက်

ပဲရစ် ဇွန် ၂

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ဂျပန်တင်းနစ်မယ် အိုဆာကာတို့ယှဉ်ပြိုင်ခဲ့ရာ ဆာဘာလင်ကာက (၇-၅၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်နှင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့သော်လည်း ပထမပွဲငယ်၌သာ အကြိတ်အနယ်ရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် ဆာဘာလင်ကာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာက "အိုဆာကာက ထိပ်တန်းကစားသမား တစ်ယောက်ပါ။ သူ့ရဲ့ပုံစံကောင်းတွေ ပြန်မရသေးဘူးဆိုပေမဲ့လဲ အိုဆာကာဟာ အမြဲတမ်းထိပ်တန်း ကစားသမားလို့ပဲ သတ်မှတ်ထားပါတယ်။ သူနဲ့ယှဉ်ပြိုင်တိုင်းလဲ အမြဲတမ်းအခက်တွေ့ခဲ့ရပါတယ်။ ကျွန်မအနေနဲ့ ဒီနေ့ပွဲစဉ်မှာ အားရကျေနပ်စရာ အကောင်းဆုံးအပိုင်းကို ပြောပါဆိုရင်တော့ စပေးဘောပေးတဲ့ အပိုင်းပါပဲ။ အမှားနည်းခဲ့ပြီး အိုဆာကာကို အခက်တွေ့စေနိုင်တဲ့ စပေးဘောမျိုးတွေ လုပ်ပြနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin
Trs : AZL

# အာဆင်နယ်အသင်းမှ ဆာလီဘာ ဒဏ်ရာကြောင့် ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်



ပဲရစ် ဇွန် ၂

အာဆင်နယ်အသင်း ခံစစ်ကစားသမား ဆာလီဘာသည် ၂၀၂၆ ကမ္ဘာ့ဖလား ယှဉ်ပြိုင်မည့် ပြင်သစ်အသင်း လူစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်း နောက်ကျောဒဏ်ရာကြောင့် ကမ္ဘာ့ဖလား ပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာလီဘာသည် အာဆင်နယ် အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် မကစားမီကတည်းက နောက်ကျောဒဏ်ရာပြဿနာ ရှိနေပြီး အဆိုပါပွဲစဉ်တွင် အသင်းအတွက် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့ပြီးနောက် ၎င်း၏ နောက်ကျောဒဏ်ရာကို ဇွန် ၁ ရက်က စစ်ဆေးမှု ထပ်မံပြုလုပ်ခဲ့ရာ ဒဏ်ရာအခြေအနေမှာ ရက်သတ္တပတ်အနည်းငယ် အနားယူရမည် ဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည် ဖြစ်သည်။

ဆာလီဘာသည် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ် အသင်းအတွက် ပြိုင်ပွဲစုံ ၆၃ ပွဲထိ ပါဝင်ကစားခဲ့ပြီး အသင်းခံစစ်ပိုင်း တွင် အသင်းဖော် ဂါဘရီရယ်နှင့် အကောင်းဆုံးတွဲဖက်၍အသင်းကို ဂိုးမပေးရသည့်ပွဲစဉ်(Clean Sheets) ၂၇ ပွဲထိရရှိအောင် စွမ်းဆောင်ခဲ့သည့်အတွက် ပြင်သစ်အသင်းနည်းပြက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဆာလီဘာသည် ယခုအခါ နောက်ကျောဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ခဲ့သည့်အတွက် ပြင်သစ်အသင်း အနေဖြင့် ကြီးမားသည့်ဆုံးရှုံးမှု ဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# မန်ယူအသင်း၏ မေလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဖာနန်ဒက် ဆွတ်ခူး

မန်ချက်စတာ ဇွန် ၂

မန်ယူအသင်း၏ မေလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ကွင်းလယ်ကစားသမား ဖာနန်ဒက်က ဆွတ်ခူးခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မန်ယူအသင်းသည် လစဉ်အသင်း၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား သုံးဦးကို ရွေးချယ်ကာ အသင်းပရိသတ်များ ထံမှ ဆန္ဒမဲကောက်ယူရွေးချယ် ချီးမြှင့်ခြင်းဖြစ်ပြီး ဖာနန်ဒက်သည် အသင်းဖော်များ ဖြစ်ကြသည့် ကွန်ဟာနှင့် ကိုဘီမိုင်နူးတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဖာနန်ဒက်သည် မေလအတွင်း အသင်းနှင့်အတူ ကစားခဲ့သည့် ပွဲစဉ်များတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ ဘရိုက်တန် အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး နှင့် ဂိုးဖန်တီးမှု တစ်ကြိမ်၊ နော့တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် အသင်း၏ မေလအတွက် တစ်လတာ အကောင်းဆုံး ကစားသမား ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်း ပြသခဲ့ပြီးနောက် မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံး ကစား သမားဆု၊ ဘောလုံးကလောင်ရှင် များအစည်းအရုံးက ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု၊ ပြိုင်ပွဲ၏ ကစား သမားအချင်းချင်း ရွေးချယ်ချီးမြှင့် ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုများ ကိုဆွတ်ခူးခဲ့ပြီး PFA တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု အတွက်လည်း အာဆင်နယ် အသင်းမှ ဒီကလန်ရိုက်နှင့် အတူ ရေပန်းစားနေကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပအကောင်းဆုံး နည်းပြ ၁၀ ဦးစာရင်းတွင် ပီအက်စ်ဂျီအသင်း နည်းပြအန်းနရစ် ထိပ်ဆုံး၌ရပ်တည်

ပဲရစ် ဇွန် ၂

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပ တစ်နှစ်တာအကောင်းဆုံး နည်းပြ ၁၀ ဦးစာရင်းတွင် ပီအက်စ် ဂျီအသင်းနှင့်အတူ ချန်ပီယံလိဂ် ဆုဖလားဆွတ်ခူးခဲ့သည့် နည်းပြ အန်းနရစ်က ထိပ်ဆုံး၌ ရပ်တည် လျက်ရှိကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

နည်းပြအန်းနရစ်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကလည်း ပီအက်စ်ဂျီအသင်းနှင့်အတူ အဓိက ဆုဖလားငါးလုံး ဆွတ်ခူးနိုင်ခဲ့ သကဲ့သို့ ယခုနှစ် ဘောလုံးရာသီ တွင်လည်း ပြင်သစ်လီဂူးဝမ်း ဖလားနှင့် ပြင်သစ်စူပါဖလားတို့ အပါအဝင် ချန်ပီယံလိဂ်ဖလားကို လည်း နှစ်ကြိမ်ဆက် ဆွတ်ခူးခဲ့ သည့်အတွက် အကောင်းဆုံး နည်းပြစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

နည်းပြအန်းနရစ် နောက်တွင် အာဆင်နယ်အသင်းနှင့် အတူ ပရီးမီးယားလိဂ်ဖလား ဆွတ်ခူးခဲ့ သည့် နည်းပြအာတီတာက အဆင့် (၂)၊ ဘိုင်ယန်မြူးနစ်အသင်းကို ဂျာမန်စူပါဖလား၊ ဂျာမန်ပိုကယ် ဖလား၊ ဂျာမန်ဘွန်ဒက်လီဂါ ချန်ပီယံဖလား ရယူပေးခဲ့သည့် နည်းပြကွန်ပနီက အဆင့်(၃)၊ အေဇီလာအသင်းကို ယူရိုပါလိဂ် ဆုဖလားရယူ၍အသင်းကို အမှတ် ပေးဇယားအဆင့်(၄)သို့ ပို့ဆောင် ပေးခဲ့သည့် နည်းပြအမ်မရီက အဆင့်(၄)၊ ကိုမိုအသင်းကို အမှတ်ပေးဇယား အဆင့်(၄) နေရာသို့ပို့ဆောင်၍ အသင်းသမိုင်း တွင် ပထမဆုံးချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့် ရယူပေးခဲ့သည့် နည်းပြ ဖာဘရီဂတ်စ်က အဆင့်(၅)တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# အာဆင်နယ်အသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မာတင်နယ်လီ၊ ထရော့ဆက်၊ ဂျီးဆပ်၊ ဘန်ဝိုက်တို့ကို ရောင်းချရန်ဆုံးဖြတ်

လန်ဒန် ဇွန် ၂

အာဆင်နယ်အသင်းက လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များခေါ်ယူရန် အသင်းမှ မာတင်နယ်လီ၊ ထရော့ဆက်၊ ဂျီးဆပ်၊ ဘန်ဝိုက်တို့ကိုရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယား လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူး ခဲ့ပြီးနောက် လာမည့်နှစ် ဘောလုံး ရာသီတွင် ချန်ပီယံဆုဖလား ကာကွယ်နိုင်ရန် လက်ရှိ နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ကစားသမားသစ်များ ခေါ်ယူရန်ပြင်ဆင်နေသည့်အတွက် နည်းပြအာတီတာက အဆိုပါ ကစားသမားလေးဦးကို ရောင်းချ ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မာတင်နယ်လီသည် ၂၀၁၉ ခုနှစ် ကစတင်ပြီး အာဆင်နယ်အသင်း နှင့်ကစားခဲ့ရာ အစောပိုင်းနှစ်များ က အရေးပါသည့် ကစားသမား တစ်ဦးဖြစ်ခဲ့သော်လည်း နောက် ပိုင်းတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသကဲ့သို့ ဘန်ဝိုက် သည်လည်း ဒဏ်ရာပြဿနာများ မကြာခဏကြုံတွေ့နေရပြီး ကြံ့ခိုင် မှုပိုင်းတွင် လိုအပ်ချက်များရှိနေ သည့်အတွက် ရောင်းချရန်ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။

အလားတူ ထရော့ဆက်သည် လည်း ယခုနှစ်ဘောလုံးရာသီတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ သော်လည်း တည်ငြိမ်သည့်ခြေစွမ်း ပိုင်းပြသနိုင်ခြင်း မရှိသည့်အတွက် ၎င်းကိုရောင်းချပြီး ထိပ်တန်း ကစားသမားတစ်ဦးနှင့် အစားထိုး ရန်ပြင်ဆင်နေသကဲ့သို့ တိုက်စစ်မှူး ဂျီးဆပ်သည်လည်း ဒဏ်ရာ ပြဿနာများကြောင့် ခြေစွမ်းပြသ နိုင်ရန် ရုန်းကန်နေရသည့်အတွက် အာဆင်နယ်အသင်းက ၎င်းတို့ လေးဦးကို နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်း ချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ပါကစ္စတန်နိုင်ငံ ကန်ပူရ်စီရင်စုရှိ ဆာရယ်တောင်တွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ



**အစ္စလာမ်မာဘတ် ဇွန် ၂**

ပါကစ္စတန်နိုင်ငံ ကန်ပူရ်စီရင်စုရှိ ဆာရယ်တောင်တွင် ဇွန် ၁ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ပါကစ္စတန်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဆာရယ်တောင်ခြေရှိ စိုက်ခင်းများနှင့် ကျေးလက်ဒေသများဆီသို့ ဦးတည် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးသည် ရာနီဝါဟ်ကျေးလက်ဒေသဖြင့် နီးကပ်စွာ လောင်ကျွမ်းနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၁၂ ဦးထိ အသုံးပြုထားကြောင်း သိရသည်။

"ကန်ပူရ်စီရင်စုမှာရှိတဲ့ ဆာရယ်တောင်မှာ တောမီးလောင်ကျွမ်းနေပါတယ်။ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီး မီးပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းခဲ့တာဖြစ်ပါတယ်"ဟု ပါကစ္စတန် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

တောမီး လောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအပြင် ဒေသခံပြည်သူလူထုတချို့နှင့် သစ်တောရေးရာဦးစီးဌာနမှ ဝန်ထမ်းများကလည်း ပါဝင်ကူညီပေးလျက်ရှိကြောင်း၊ တောမီး လောင်ကျွမ်းမှု ဖြစ်ပွားနေသည့် ဧရိယာများအနက် အန္တရာယ်ရှိနိုင်သည့် တောမီးလောင်ကျွမ်းမှုကို ဦးစားပေးငြိမ်းသတ်နေကြောင်း ပါကစ္စတန် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အီတလီနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းအနီးတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

**ရောမ ဇွန် ၂**

အီတလီနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်းအနီးတွင် ယနေ့ နံနက် အစောပိုင်းက ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် မြေအောက်အနက် ၂၅၃ ကီလိုမီတာခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကို အီတလီနိုင်ငံ တောင်ပိုင်းဒေသတချို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် သိသိသာသာခံစားခဲ့ရကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ ငလျင်ကြောင့် လူသေဆုံးမှု၊ ထိခိုက်မှုမရှိသော်လည်း အခြေခံနှင့် လူနေအဆောက်အအုံများ အသေးစားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံသည် ဥရောပတိုက်၏ ငလျင်လှုပ်ရှားမှုအများဆုံးဒေသများထဲမှ တစ်ခုဖြစ်ပြီး ယခင်ကလည်း အင်အားပြင်းငလျင်များကြောင့် လူအသေအပျောက်နှင့် အဆောက်အအုံပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း၊ လက်ရှိတွင် သက်ဆိုင်ရာအာဏာပိုင်များက နောက်ဆက်တွဲငလျင်များလှုပ်ခတ်နိုင်သဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# တရုတ်နိုင်ငံဒေသအများစုတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ပြည်သူများကိုသတိပြုနေထိုင်ရန် မိုးလေဝသဌာနက ထုတ်ပြန်

**ပေကျင်း ဇွန် ၂**

တရုတ်နိုင်ငံ ဒေသအများစုတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ပြည်သူများသတိပြုနေထိုင်ကြရန် မိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ် မိုးလေဝသဌာနက ယခုမိုးကာလတွင် နိုင်ငံ၏ မြောက်ပိုင်းဒေသများ၊ တောင်ပိုင်းဒေသများနှင့်အနောက်တောင်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုပမာဏသည် ပိုမိုများပြားလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ထို့ပြင် မြစ်ဝါမြစ်၊ ယန်ဇီမြစ်နှင့် ဟွေမြစ်ဝှမ်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေမျက်နှာပြင် မြင့်တက်ကာ မြစ်ရေလျှံမှုများ ဖြစ်လာနိုင်ကြောင်း၊ လက်ရှိတွင် ယန်ဇီမြစ်အလယ်ပိုင်းရှိ ဒေါင်တင်းရေကန်၊ ပိုယန်ရေကန်စနစ်များရှိ အဓိကမြစ်များ၊ ပုလဲမြစ်ဝှမ်းရှိ ရှီမြစ်နှင့် ဟန်မြစ်များ၊ ကွဲ့ကျန်းပြည်နယ်ရှိ ချန်တန်မြစ်နှင့် ဖူကျန်းပြည်နယ်ရှိ မင်ကျန်းမြစ်တို့တွင် ရေမျက်နှာပြင်သည် စိုးရိမ်ရေမှတ်ကို ကျော်လွန်နိုင်သည့်အတွက် တရုတ်ရေအရင်းအမြစ် ဝန်ကြီးဌာနက ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုများကို အနည်းဆုံးဖြစ်စေရန်၊ အဓိကရေကာတာများတွင် ရေကာတာ ကျိုးပေါက်ခြင်း၊ ပြိုကျခြင်းများ မဖြစ်ပွားစေရန်နှင့် အရေးပါသောအခြေခံအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ရေဘေးကြိုတင်ကာကွယ်ရေး အထူးစီမံချက်ချဆောင်ရွက်နေကြောင်း တရုတ်ရေအရင်းအမြစ် ဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ပရီတိုးရီးယား ဇွန် ၂**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မြစ်ရေလျှံတက်ကာ ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သဖြင့် တောင်အာဖရိက မိုးလေဝသဌာန(SAWS)က ယနေ့တွင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုသည် ကိပ်တောင်းမြို့ အရှေ့ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းတို့တွင်ဖြစ်ပေါ်လာနိုင်ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရေစတင်လွှမ်းလာသော နေရာများတွင် ရေလွှဲများဆောင်ရွက်ပေးနေသကဲ့သို့ ရေနုတ်မြောင်းများကို ရှင်းလင်းပေးမှုများ ပြုလုပ်နေကြောင်း၊ မိုးရေချိန်မြင့်မားနေခြင်းကြောင့် လာမဲ့ ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ကိပ်တောင်းမြို့အပြင် ဂါးဒင်းဒေသ၊ အိုဗာဘက်ဒေသ၊ ကာရိ အလယ်ပိုင်းနှင့် လစ်တဲလ်ကာရိဒေသတို့တွင်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သဖြင့် SAWS က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေသလို လေတိုက်နှုန်းတွေလဲ မြင့်မားနေပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကိပ်တောင်းမြို့ အရှေ့ဘက်ပိုင်းနဲ့ အနောက်ဘက်ပိုင်းမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်။ ရေကြီးရေလျှံမှု မဖြစ်ဖို့အတွက် ကယ်ဆယ်ရေး ဝန်ထမ်းတွေက ရေစလွှမ်းနေတဲ့ နေရာတွေက ရေလွှဲတွေ၊ ရေနုတ်မြောင်းရှင်းလင်းတာတွေ ဆောင်ရွက်နေပါတယ်"ဟု တောင်အာဖရိက မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုအပြင် လေတိုက်နှုန်းလည်း မြင့်တက်နေသည့်အတွက် သစ်ပင်သစ်ကိုင်းများ ကျိုးကျနိုင်သည့်အတွက် သစ်ပင်ကြီးများအောက်သို့ ဖြတ်သန်းသွားလာမှုကို အထူးသတိပြုရန်လည်း သက်ဆိုင်ရာဒေသအလိုက်မှ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**




# အိုမန်နိုင်ငံတွင် အပူချိန်ဆက်တိုက်မြင့်တက်နေသဖြင့် အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထား

**မတ်စ်ကတ် ဇွန် ၂**

အိုမန်နိုင်ငံတွင် မေလကုန်ပိုင်းမှစတင်၍ အပူလှိုင်းဖြတ်သန်းခဲ့ခြင်းကြောင့် အပူချိန်ဆက်တိုက်မြင့်တက်နေသဖြင့် အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုမန်နိုင်ငံတွင် အပူချိန်မြင့်တက်နေသောဒေသများမှာ ဝီလာယက်ဒေသ၊ အယ်လ်ဆူဝေဒေသ၊ ဝါဒီအယ်လ်မော်ဝီလ်ဒေသတို့ဖြစ်ကြောင်း၊ ဝီလာယက်ဒေသတွင် အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး လူ့ကျန်းမာရေးကို ခြိမ်းခြောက်နေကြောင်း၊ အလားတူ အယ်လ်ဆူဝေဒေသတွင် အပူချိန် ၄၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ်နှင့် ဝါဒီအယ်လ်မော်ဝီလ်ဒေသတွင် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ ထိုသို့ အပူချိန်မြင့်တက်မှုများသည် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထားပြီး မလိုအပ်ဘဲ အပူချိန်မြင့်တက်နေသည့်အချိန်များတွင် ပြင်ပသို့ သွားခြင်းကို ရှောင်ကြဉ်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

"မေလကုန်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အပူလှိုင်းတွေကြောင့် နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို အထူးသတိပြုရမဲ့ကာလဖြစ်ပါတယ်။ လာမဲ့ ၄၈ နာရီအတွင်းမှာ အပူချိန် ဆက်လက်မြင့်တက်လာနိုင်ပါတယ်"ဟု အိုမန်နိုင်ငံ အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# မိုးရွာသွန်းမှု၏ကျေးဇူး

**မန်းတင့်မော်**

မုတ်သုံဝင်၍ မိုးဦးသစ်ခဲ့ပြီ။ နွေ၏အပူဒဏ်ကို လျော့ပါးသက်သာစေရန် မိုးကိုမျှော်ခဲ့ကြသည်။ မိုးရွာသွန်းခြင်းကြောင့် ပတ်ဝန်းကျင်အပူဒဏ်လျော့ကျနိုင်သည်။ "မိုးဘာကြောင့် ရွာရတယ်၊ ဖားအော်လို့ရွာရတယ်"ဟူသောကဗျာတစ်ပိုင်းတစ်စကို စာရေးသူငယ်ငယ်က ရွတ်ဆိုခဲ့ဖူးသည်။ "မိုးရွာရင် မိုးရေချိုးမယ်"ဟူသော အလွတ်တန်းကဗျာကမူ မိုးရွာသွန်းမှုနည်းပါးသော အညာဒေသရှိ ကလေးများအတွက် မိုးရွာသွန်းခြင်း၏ကျေးဇူးကိုဆိုသောကဗျာဟု မှတ်ယူချင်သည်။ ကလေးပဲဖြစ်ဖြစ်၊ လူကြီးပဲဆိုဆို မိုးကိုတမ်းတကြိတာချင်းကတော့ အတူတူဖြစ်ပါလိမ့်မည်။

အခြေခံပညာကျောင်းသင်ခန်းစာများတွင် ရေသံသရာလည်ရာမှ မိုးရွာသွန်းခြင်းကို သင်ကြားကြရသည်။ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများတွင် နေအပူရှိန်ကြောင့် ရေခိုးရေငွေ့များ ကောင်းကင်သို့ပျံတက်လျက် ငွေ့ရည်ဖွဲ့ကာ တစ်ဖန်မိုးရွာသွန်းသည်ကို အများအသိပင်ဖြစ်သည်။ အဆိုပါရွာသွန်းသောမိုးကပင် ကမ္ဘာကြီးအတွက် အကျိုးကျေးဇူးများစေတတ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုအမျိုးမျိုးရှိကြသည့်အနက် မိုးရာသီသည် ထင်ရှားစွာပါဝင်နေသော ရာသီတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူသော ဥတုသုံးမျိုးရှိရာ မိုးရာသီကို အနောက်တောင်မုတ်သုံလေဝင်ရောက်ချိန်မှ ထွက်ခွာချိန် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလထိ သတ်မှတ်ထားသည်။ ရှေးမြန်မာလူကြီးသူမများကမူ တစ်နှစ်တာ (တစ်ဆယ့်နှစ်လလုံး) မိုးရွာနိုင်သည်ဟုဆိုခဲ့ကြသည်။ တစ်ဆယ့်နှစ်လရာသီမိုးဟုဆိုကာ လအလိုက်မိုးရွာသွန်းပုံကို မုံရွေးဆရာတော်၏မှတ်စုတွင်–

- တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။
- ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။
- နယုန်မိုးသေး၊ မြက်သားမွေး။
- ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။
- ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါမိုးမရွာ၊ ရွာပါသော်လဲ မိုးမသည်း။
- တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ။
- သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။
- တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်။
- နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။
- ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်နှမ်းပုံဖျက်။
- တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း။
- တပေါင်းလည်းကူး၊ မိုးသားကျူးဟူ၍ တွေ့ရသည်။

မြန်မာ့တောင်သူလယ်ယာစိုက်ပျိုးကြသူများက လအလိုက်မိုးများကို ခန့်မှန်းတွက်ချက်လေ့ရှိကြသည်။ ပတ်ဝန်းကျင်ရှိ နေ၊ လေ၊ မိုးတိမ်တို့၏သဘောသဘာဝကို အကဲခတ်ပြီး မိုးလေဝသကို မှန်းဆတတ်ကြသည်။ မိုးရွာသွန်းမှုကြောင့် သဘာဝပတ်ဝန်းကျင်တွင် ပြောင်းလဲမှုများရှိလာသည်။ အပူရှိန်လျော့ကျတတ်သည်။ မိုးရွာသွန်းမှုကြောင့် မြက်ပင်မြက်တောများရှင်သန်စိမ်းစိုလာခဲ့ပြီ။ မိုးနှင့်သစ်ပင် သဟဇာတဖြစ်၍ သစ်ပင်သစ်တောများဖြစ်ထွန်းလာကြသည်။



မိုးသစ်တောဟူသော သစ်တောအမျိုးအစားတစ်ခုလည်းသတ်မှတ်ထားရှိသည်။ အာဖရိကတိုက်ရှိ အမေဇုန်မိုးသစ်တောကြီးမှာ ထင်ရှားသည်။ မိုးရာသီတွင် ဖူးပွင့်ကြသော မိုးပန်းများကလည်း ဝေဝေဆာဆာပွင့်လန်းလာကြပြီ။ မိုး၏ကျေးဇူးကြောင့် သစ်ပင်စိမ်းစိမ်း မြရည်လိမ်းခဲ့ပြီဟု အခိုင်အမာဆိုနိုင်သည်။

မိုးရွာခြင်းကြောင့် ချောင်းများ၊ မြစ်များစီးဆင်းရသည်။ ချောင်းများ၊ မြစ်များက အပင်၊ သတ္တဝါနှင့်လူတို့အတွက် ရေရရှိစေသည်။ ချောင်းများ၊ မြစ်များကို အမှီပြု၍မြို့ရွာများထူထောင်ခဲ့ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဟူသည် မိုးကို အားထားရသည်။ မှီခိုရသည်။ မိုးများသောဒေသများကို မိုးကောင်းလယ်များအဖြစ် စပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။ မိုးနည်းသောဒေသများတွင် ချောင်းများ၊ မြစ်များကိုဆည်ဖို့လျက် ဆည်မှတစ်ဆင့် မြောင်းများသွယ်၍ လယ်ယာစိုက်ပျိုးကြရသည်။ မြန်မာ့သမိုင်းတွင် ပုဂံခေတ်ကတည်းက ဆည်မြောင်းတည်ဆောက်၍ လယ်ယာစိုက်ပျိုးခဲ့ကြသောမှတ်တမ်းများရှိခဲ့သည်။ လယ်တွင်း ကိုးခရိုင်၊ လယ်တွင်းဆယ့်တစ်ခရိုင်ဟူသော ဒေသများသည် ဆည်ရေသောက်ဒေသများအဖြစ် ထင်ရှားသည်။ ပုဂံခေတ်ထက်စောသော အချိန်ကတည်းကပင် ဆည်တည်ဆောက်ခြင်းရှိခဲ့ကြသည်များကိုလည်း ကြားသိဖူးသည်။

အထက်အညာဒေသ မန္တလေး၊ ကျောက်ဆည်၊ စစ်ကိုင်းနှင့် မင်းဘူးလွင်ပြင် စသောဒေသများတွင် ဆည်အကြီး၊ အလတ်၊ အသေး စသည်ဖြင့် အရွယ်အစားစုံသောဆည်များကို ခေတ်အဆက်ဆက်တည်ဆောက်ခဲ့ကြပြီး စိုက်ပျိုးမြေများအတွက် ရေဖြန့်ဝေပေးလျက်ရှိသည်။ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သဖြင့် လူမှုဘဝမြင့်တင်ပေးနိုင်သည်။ ဆည်များတည်ဆောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်လိုက်လျောညီထွေရှိရန် အရေးပါကြောင်းကိုလည်း ပညာရှင်များက တွက်ဆပြသည်များလည်းရှိနေသည်။ မိုးရေအလုံအလောက်ရရှိသည့် မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးစိုက်ပျိုးထုတ်လုပ်ရာဒေသကြီးဖြစ်သည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးကို မြန်မာနိုင်ငံ၏ စပါးကျီ သို့မဟုတ် ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ထိုအရပ်ဒေသထွက် ပုသိမ်ပေါ်ဆန်းမွှေးဆန်မှာလည်း မြန်မာ့ထိပ်တန်းစာရင်းဝင်ဆန်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဒေသအများစုကို မိုးခေါင်ရေရှားရပ်ဝန်းဟုခေါ်ဆိုသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မအနည်းငယ်သာရွာသွန်း၍ဖြစ်သည်။ သို့သော် ထိုမိုးရေကိုပင်လျှင် အကျိုးရှိစွာအသုံးချလေ့ရှိသည်။ အညာဒေသတွင် မိုးရေစုဆောင်းသိုလှောင်ရန် မြေသားကန်များကို ရှေးအခါကပင်တူးဖော်၍ မိုးရေစုဆောင်းခဲ့ကြသည်။ မိတ္ထီလာကန်၊ မဟာနန္ဒာကန်(ရွှေဘို)တို့မှာ ထင်ရှားသည်။ အခြားသောဒေသဆိုင်ရာကန်များစွာလည်း ရှိသေးသည်။ အညာဒေသရွာတစ်ရွာတွင် ကန်တစ်ကန်ရှိစမြဲဟုပင်ဆိုနိုင်သည်။ ကိုးကွယ်ရန် ဘုရားစေတီ၊ တရားဓမ္မနာယူရန် ဘုန်းတော်ကြီးကျောင်းနှင့် သောက်သုံးရန် ရေကန်တို့ကို စုပေါင်းလျက် "ဘုရား၊ ကျောင်း၊ ကန်"ဟူ၍ အတူတွဲလျက်တည်ထောင်မြဲဖြစ်သည်။

အချို့ရွာများတွင် ရွာဦးကျောင်းရှိ ရေကန်ကို သောက်ရေကန်အဖြစ် ထားလေ့ရှိပြီး သုံးရန်၊ ချိုးရန်ရေကန်ကိုလည်း သီးခြားတူးဖော်ထားလေ့ရှိကြသေးသည်။ မိုးရွာသွန်းခြင်းကြောင့် ရရှိလာသောရေကိုလည်း ချွေတာသုံးစွဲတတ်ကြသည်။ "ရေကိုချွေတာသုံးမှ ငွေကိုချွေတာသုံးတတ်သည်" ဟူသောစကားကိုလည်း မှတ်သားရသည်။ မိုးရွာသွန်းခြင်း၏ကျေးဇူးကို မိုးနည်းဒေသနှင့် မိုးများဒေသပါ အားလုံးသိရှိနားလည်ကြရမည်ဖြစ်သည်။

မိုးကိုမျှော်ကိုး၍ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြရာတွင် မိုးမရွာမီကပင် ကြိုတင်ပြင်ဆင်ကြရသည်။ ရှေးမြန်မာရှင်ဘုရင်များလက်ထက်က မိုးရာသီတွင် လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပလေ့ရှိကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ အညာမြေ၏ အိုအေစစ်ဟုဆိုနိုင်သော ပုပ္ပားဒေသတွင် ပုပ္ပားတောင်ကိုကြည့်ရှု၍ မိုးလေဝသခန့်မှန်းလေ့ရှိကြသည်။ "ပုပ္ပားတောင်က မိုးရိပ်မြင် ထွန်တုံးထွန်တံပြင်"ဟူသောစကားကို ကြားဖူးသည်။ မိုးနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ကြရာတွင် မိုးအကြို ထွန်ယက်ရသည်။ မိုးရေထဲတွင် ပျိုးများကြဲရသည်။ မိုးကြီးလျှင် ပျိုးစည်းကြရပြီ။ မိုးကောင်းမှ ပျိုးအောင်သည်။ ထို့ကြောင့် မိုးရွာမှ ပျိုးသာမည်ကို လယ်စိုက်သူတိုင်း သိနားလည်ကြသည်။ ကျေးဇူးများသော မိုးကို တောင်သူလယ်သမား၊ ယာသမားများက ချစ်ကြသည်သာ။ မိုးရွာ၊ မိုးစို၊ မိုးရွဲမှာကို မစိုးရိမ်ကြပါ။ မိုးရွာသွန်းခြင်းကြောင့် ရေရသည်။ ရေအစိုဓာတ်ရသောမြေက တမန်းနှီးရန်အဆင်သင့်ဖြစ်တော့သည်။ မိုးရွာလျှင် လယ်ယာစိုက်ပျိုးသူတို့သည် ရေထဲမိုးထဲတွင် အနားမနေကြရ။ မိုးနှင့်အပြိုင် တေးသံလှိုင်လှိုင်ဖြင့် စိုက်ရေးပျိုးရေးကို အားကြိုးမာန်တက်လုပ်ဆောင်ကြသည်မှာ နိုင်ငံ့စားရေရိက္ခာအတွက် အားရဖွယ်ဖြစ်သည်။

မိုးရွာသွန်းခြင်း၏ကျေးဇူးကို အထူးသိမြင်သော မြန်မာ့စာဆိုတို့က ခေတ်အဆက်ဆက် မိုးဘွဲ့များကို ရေးဖွဲ့ခဲ့ကြသည်မှာ အမြောက်အမြားရှိခဲ့သည်။ စာပေပုံစံအမျိုးမျိုးဖြင့်ရေးဖွဲ့ခဲ့ကြသည်။ မိုးကိုဖွဲ့ဆိုသော တေးသီချင်းပေါင်းများစွာလည်းရှိသေးသည်။ မိုး၏ကျေးဇူးများက လူသားတို့အပေါ် အကျိုးပြုလျက်ရှိနေသော်လည်း လူတို့၏ပယောဂကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလျက်ရှိသည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှုများလျော့နည်းစေရန် ပညာရှင်များ၏ သတိပေးချက်များလည်း ထွက်ပေါ်လျက်ရှိရာ လူသားများတာဝန်ဟုဆိုသော် မမှားနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

---


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# တေးသံရှင် ဇော်ပိုင်၊ ညီမင်းခိုင်၊ နေမင်းအိမ်၊ ငွေဇင်လှိုင်း၊ မေကြည်တို့၏ ဂီတလိပ်ပြာ တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar ၌ ပြုလုပ်မည်




**ရန်ကုန် ဇွန် ၂**

တေးသံရှင် ဇော်ပိုင်၊ ညီမင်းခိုင်၊ နေမင်းအိမ်၊ ငွေဇင်လှိုင်းနှင့် မေကြည်တို့၏ ဂီတလိပ်ပြာ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဇွန် ၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် နေမင်းအိမ်ထံမှ သိရသည်။

အဆိုပါ ဂီတလိပ်ပြာတေးဂီတဖျော်ဖြေပွဲကို တေးသံရှင်ညီမင်းခိုင်၏ ဂီတသက်တမ်း ၁၈ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စီစဉ်ခြင်းဖြစ်ပြီး တေးသံရှင် ညီမင်းခိုင်နှင့်အတူ တေးသံရှင် ဇော်ပိုင်၊ နေမင်းအိမ်၊ ငွေဇင်လှိုင်း၊ မေကြည်တို့ကလည်း လူသိများထင်ရှားခဲ့သည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တေးရေးတေးဆို ညီမင်းခိုင်ရဲ့ ဂီတသက်တမ်း ၁၈ နှစ်ပြည့် အမှတ်တရအနေနဲ့ ပြုလုပ်တဲ့ ဂီတလိပ်ပြာ တေးဂီတဖျော်ဖြေရေးအစီအစဉ်မှာ ကိုညီမင်းခိုင်နဲ့အတူ ကိုဇော်ပိုင်၊ ငွေဇင်လှိုင်းနဲ့ မေကြည်တို့ကလဲ အမှတ်တရဖြစ်စေမဲ့ တေးသီချင်းတွေကို ဖျော်ဖြေတင်ဆက် ပေးအုံးမှာမို့ အလှပဆုံး အမှတ်တရတွေကို ပြန်လည်တူးဖော်ဖို့ Judson Entertainment Bar ကို လှမ်းခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် နေမင်းအိမ်က ပြောပြသည်။

တေးသံရှင် ဇော်ပိုင်၊ ညီမင်းခိုင်၊ နေမင်းအိမ်၊ ငွေဇင်လှိုင်း၊ မေကြည်တို့၏ ဂီတလိပ်ပြာ တေးဂီတဖျော်ဖြေပွဲတွင် Judson Entertainment Bar ၏ ပင်တိုင်တေးသံရှင်များကလည်း ဝန်းရံသီဆိုဖျော်ဖြေ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# CANAL+ ရုပ်သံလိုင်းမှ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် ထုတ်လွှင့်နေသည့် မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ Fan Meeting ပြုလုပ်

**ရန်ကုန် ဇွန် ၂**

CANAL+ ရုပ်သံလိုင်းမှ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် ထုတ်လွှင့်နေသည့် မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ Fan Meeting ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာ Shopping Center ၌ ဇွန် ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာသန့်ဇင်က CANAL+ ကိုယ်ပိုင်ဖန်တီးမှုအဖြစ် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"Fan Meeting က ကျွန်တော့်ရဲ့ ပရိသတ်တွေဆိုတာထက် ဗီတာမင်ရဲ့ Fan တွေက ပိုများနေပါတယ်။ ပွဲရောက်တာနဲ့ အဖေလို့ ဝိုင်းခေါ်ကြတာ လန့်တောင်လန့်သွားတယ်။ ဘာပဲဖြစ်ဖြစ် ဖခင်




ဦးထင်ကိုနေရာက ပီပြင်တယ်လို့ ပြောလို့ရတာပေါ့။ ဇာတ်လမ်းတွဲကို တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု အဆိုပါ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ပိုင်ဇေရဲထွန်းက ပြောပြသည်။

အဆိုပါ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ပိုင်ဇေရဲထွန်း၊ ဗီတာမင်၊ လင်းယံထက်၊ မယ်လိုဒီ၊ ဆောင်းဝတ်ရည်မေ၊ နှင်း၊ ရှင်ဖုန်းနွယ်၊ မေမြန်မာ၊ နန်းကေသရီနှင့် အခြား အနုပညာရှင်ပေါင်းများစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို မေလအတွက် ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၂**

အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များအား မေလအတွက် ပံ့ပိုးငွေများကို ဇွန် ၁ ရက်မှစတင်ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင်ပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူ့အသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်တွေကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ အခု ဇွန် ၁ ရက်ကစပြီး မေလအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေပြီဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် နှစ်စဉ် အောက်တိုဘာ ၁၃ ရက် ရောက်တိုင်း မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့်အတူ ရုပ်ရှင် သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပလျက်ရှိပြီး သက်ကြီး ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို ငွေသား၊ အခြား ကန်တော့ပစ္စည်းများဖြင့်လည်း ပူဇော်ကန်တော့လေ့ရှိကြောင်း သိရသည်။

ASH

# The Incredible Edible ဇာတ်ကား၌ ဂျိတ်ပစ်ကင်း၊ မီနာဆူဗာရီ၊ ဂျန်းအီဗင်၊ စတက်တောလက်တို့ ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် ဇွန် ၂**

The Incredible Edible အမည်ရှိဟာသဇာတ်ကားသစ်၌ မင်းသား ဂျိတ်ပစ်ကင်း၊ မင်းသမီး မီနာဆူဗာရီ၊ ဂျန်းအီဗင်၊ စတက်တောလက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း ဇွန် ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် ထူးဆန်းသည့် ဆေးဝါးတစ်မျိုးကြောင့် အခြားသူများ၏ ကိုယ်ခန္ဓာကို အငှားယူနိုင်စွမ်းရှိလာသူ အထက်တန်းကျောင်းသူတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂျန်နာမီလီက တာဝန်ယူ ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဂျန်နာမီလီကပင် ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် The Incredible Edible ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နေပြီဖြစ်ပြီး အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# Operation Epic Fury ဇာတ်ကားကို ဒါရိုက်တာမိုက်ကယ်ဘေး ရိုက်ကူးရန်ပြင်ဆင်နေ

**နယူးယောက် ဇွန် ၂**

University ရုပ်ရှင်ကုမ္ပဏီ၏ Operation Epic Fury ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဘေးက တာဝန်ယူရိုက်ကူးထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း ဇွန် ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ယခုနှစ် မေလအတွင်း အီရန်နိုင်ငံ၌ ပစ်ချခံခဲ့ရသော အက်ဖ်-၁၅ အီးတိုက်လေယာဉ်မှ လေယာဉ်မှူးနှစ်ဦးတို့ကို အမေရိကန် အထူးတပ်ဖွဲ့ဝင်များက ကယ်ထုတ်ခဲ့မှုဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မိုက်ကယ်ဘေးသည် The Rock၊ Armageddon၊ Pearl Harbor စသည့်ဇာတ်ကားများအတွက် အမေရိကန်စစ်ဘက်နှင့် လက်တွဲဆောင်ရွက်ခဲ့ဖူးသူဖြစ်ကြောင်း၊ ဒါရိုက်တာ မိုက်ကယ်ဘေး တာဝန်ယူရိုက်ကူးခဲ့သော နောက်ဆုံး ရုပ်ရှင်ဇာတ်ကားမှာ မင်းသား ဂျိတ်ဂျီလန်ဟေးနှင့် ယာယာမာတင်း-၂ တို့ ပါဝင်သရုပ်ဆောင်ထားသော Ambulance(2022) ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive in Mumbai; visit Jawaharlal Nehru Port





President U Min Aung Hlaing watches a video clip on functions of the Jawaharlal Nehru Port.



President U Min Aung Hlaing being welcomed at the Chhatrapati Shivaji Maharaj International Airport in Mumbai.



President U Min Aung Hlaing visits the Jawaharlal Nehru Port.

**Nay Pyi Taw June 2**

President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation, who were on an official visit to New Delhi, India, left Palam Air Force Station in New Delhi for Mumbai by a special flight this morning.

The President and delegation were seen off at the airport by Minister of State for External Affairs Shri Kirti Vardhan Singh, a member of the Indian government, and officials of the Indian government and families of the embassy and military attaché office.

On arrival at the Chhatrapati Shivaji Maharaj International Airport in Mumbai in the afternoon, the President and delegation were welcomed by Governor of Maharashtra State Shri. Jishnu Dev, officials of the state government, the Myanmar Consul-General in Kolkata, staff and families there.

The President and delegation proceeded to Jawaharlal Nehru Port, and were welcomed by Chairman of the Board of Port Authority Mr. Gaurav Dayal ias and port officials.

At the port's meeting hall, officials said the Port Authority accorded warm welcome to President U Min Aung Hlaing and his delegation. They then reported on the history and salient features of the port, explaining that it is one of India's premier gateways featuring international maritime links, including connections with Southeast Asia. Furthermore, they stated that the port utilizes high-tech machinery to facilitate trade and port operations with Myanmar as an economic partner. They noted that the port has boosted the country's tax revenues, and highlighted ongoing efforts to improve performance, develop infrastructure, digitalize operations, simplify procedures, and promote green port initiatives. The report also covered the availability of Public-Private Partnership (PPP) model services and the dissemination of port-related knowledge to trainees.

Officials made clarification with a video clip on functions of the port and a project documentary video clip on preparations to build the Vadhavan Port.

In response to the clarifications, the President said that as Myanmar is also working on port construction, they visited this port of an international-standard major facility. Based on the clarification, it is a world-class port ranked 23rd globally and the number one port in India, and that it operates under a Public-Private Partnership (PPP) system. Myanmar has Yangon Port and Thilawa Port as two major ports and that Thilawa Port is a port connected to a Special Economic Zone. His visit to the port was for the purpose of observing it in order to upgrade state-owned ports in Myanmar. Relevant officials would continue discussions on areas where cooperation between the two countries could be carried out. Based on the clarifications, the port has high operational capacity with the implementation of green areas and green energy initiatives. His visit aimed to promote bilateral trade, and Myanmar's ports will be upgraded in order to further enhance trade relations between the two countries. If training courses on port management and related fields are offered, Myanmar would send trainees from to participate.

The President and the Chairperson of the Jawaharlal Nehru Port Trust Authority exchanged commemorative gifts and had documentary photos taken.

The President and party visited the Jawaharlal Nehru Port. The President asked officials about things he wanted to know.

Jawaharlal Nehru Port is located in the Nhava Sheva area, east of Mumbai, in Maharashtra State, India. It ranks 23rd globally in terms of trade capacity and is the largest among India's 12 major ports. The port handles 50 per cent of India's container traffic and plays a key role in the country's trade sector, with strong connectivity to Southeast Asia.

MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Governor of Maharashtra State



**President U Min Aung Hlaing holds talks with Governor of Maharashtra State Shri. Jishnu Dev Verma.**

**Nay Pyi Taw June 2**

President of the Republic of the Union of Myanmar U Min Aung Hlaing who was on an official visit to Mumbai, India, held talks with Governor of Maharashtra State Shri. Jishnu Dev Verma this evening.

The President and his high-level Myanmar delegation arrived at the Maharashtra Lok Bhavan Mumbai (Governor's House), and was warmly welcomed by the governor.

Then the President and the governor held discussions.

Also present at the meeting together with the President were union ministers and other members of the delegation, and the Myanmar ambassador to India. The governor was accompanied by the ministers of the state government, the Indian ambassador to Myanmar and officials.

At the meeting, they openly discussed the good relations along the history as the two countries are good neighbours, the progress of friendly ties and cooperation, bilateral relations between the peoples of both countries, efforts of the high-level Myanmar delegation to further promote trade and investment between Myanmar and India, gratitude expressed by the Myanmar government and the people to India for its good neighbourly assistance when Myanmar faced natural disasters, and promotion of multi-sector cooperation between the two countries.

After the meeting, the President and the Governor had documentary photos taken together with the attendees. When the President and party arrived at the venue where the Governor would host a dinner in their honour, the state band played the national anthems of both countries.

The Governor of Maharashtra introduced his entourage to the President who also presented his entourage.

The governor hosted the dinner to the President and high-level Myanmar delegation members. Before and during the dinner, the state band played songs of both countries.

After the dinner, the President signed the guests' book of Maharashtra Lok Bhavan Mumbai (Governor's House).

The President and party enjoyed the music entertainment of the state band. The President and the Governor presented cash awards and cordially greeted them.

MNA

# President of the Republic of the Myanmar U Min Aung Hlaing receives Governor of Reserve Bank of India on his courtesy call

**Nay Pyi Taw June 2**

President of the Republic of the Union of Myanmar, who was on an official visit to New Delhi, India, received Governor of the Reserve Bank of India H.E. Shri. Sanjay Malthotra on his courtesy call on the President this morning.

During the call, they frankly discussed development of trade and businesses and promotion of cooperation in multiple sectors, cooperation between banks to the two countries to facilitate payments in trade, measures taken for direct payments in Rupee and Kyat in trade, plans to share knowledge about banking systems to Myanmar banking staff and sharing digital payment experience between the two countries.

Also present together with the President were his entourage member union ministers U Khin Maung Yi and U Tin Maung Swe, Governor of the Central Bank of Myanmar Dr Khin Naing Oo and members and the governor of the Reserve Bank of India was accompanied by officials of the Ministry of External Affairs of India.

MNA

**President U Min Aung Hlaing receives Governor of the Reserve Bank of India H.E. Shri. Sanjay Malthotra.**



# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar delegation led by Vice President U Nyo Saw departs for Russian Federation



**Nay Pyi Taw June 2**

A Myanmar delegation led by Vice President U Nyo Saw of the Republic of the Union of Myanmar left Yangon by air this morning to attend the 29th St. Petersburg International Economic Forum (SPIEF 2026) to be held in St. Petersburg, the Russian Federation, and was seen off at the Yangon International Airport by Union Minister U Myint Kyaing, Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Command, regional ministers, and officials from the Embassy of the Russian Federation to Myanmar.

The Vice President was accompanied by Union Ministers U Aung Kyaw Hoe, U Htein Lin, U San Oo, U Ko Ko Lwin, U Khin Maung Soe, and U Tun Ohn, Deputy Minister U Ko KoKyaw, and departmental heads and officials. MNA

**Vice President U Nyo Saw being seen off at the Yangon International Airport on his departure for the Russian Federation.**

# Speaker U Aung Lin Dwe meets Amyotha Hluttaw Standing Committees

**Nay Pyi Taw June 2**

Speaker of the Union Parliament and Amyotha Hluttaw U Aung Lin Dwe met with members of the Amyotha Hluttaw Standing Committees at the meeting hall of the Amyotha Hluttaw Building in Nay Pyi Taw on the morning of June 2.

During the meeting, the Speaker emphasized that, under the Constitution, Parliament is responsible not only for legislative functions but also for overseeing the executive and judicial branches in accordance with the law. He noted that parliamentary committees play a vital role in carrying out these responsibilities.

The Speaker further highlighted that the Standing Committees are key parliamentary bodies vested with the authority to communicate with the Union Government and Union-level organizations established under the Constitution. They are also empowered to invite relevant officials, conduct hearings, raise inquiries, and request the submission of necessary evidence in performing their oversight duties, making them essential institutions within the parliamentary framework.

The Speaker noted that the four Standing Committees—the Bills Committee, the Public Accounts Committee, the Hluttaw Rights Committee, and the Government Guarantees, Pledges and Undertakings Vetting Committee—are entrusted with distinct responsibilities, including examining and discussing bills, scrutinizing the Union budget and expenditures, safeguarding parliamentary rights, and reviewing the guarantees, commitments and responsibilities of the Union Government. He described them as among the most important committees in carrying out the functions of Parliament. He stressed that the Standing Committees must work in close cooperation with the government, emphasizing that collaboration is essential for the effective functioning of state institutions and the promotion of the public interest.



**Speaker of the Union Parliament and Amyotha Hluttaw U Aung Lin Dwe meets with members of the Amyotha Hluttaw Standing Committees.**

The committees play a pivotal role in legislation, financial oversight, and ensuring that parliamentary representatives adhere to ethical standards in the discharge of their duties. The Speaker said that the activities of the committees, together with Parliament's efforts to implement the aspirations of the people, demonstrate Parliament's commitment to serving the public while also promoting government transparency and accountability. He encouraged the committees to carry out their responsibilities diligently, give careful consideration to their findings and recommendations, and exercise their powers in a manner that advances the public interest.

He further noted that, in the course of parliamentary work, committees may need to coordinate not only within their respective chambers but also with committees from other parliamentary bodies. As the future development of the nation depends on their collective deliberations and responsibilities, he expressed confidence that the success of the committees would enhance the prestige of Parliament and strengthen public trust. The Speaker also emphasized that parliamentarians should not merely perform their duties as a routine obligation but should remain committed to working for the welfare and interests of the people.

Following the discussions, the chairpersons and secretaries of the Hluttaw Rights Committee, the Bills Committee, the Public Accounts Committee, and the Government Guarantees, Pledges and Undertakings Scrutiny Committee presented reports on the composition of their respective committees, ongoing activities, and future work plans. The meeting concluded with a closing address delivered by the Speaker of the Amyotha Hluttaw. (News).

MNA

*From Page 15*

Phase 3 (425 buildings) from November 17, 2025, to January 6, 2026.

Likewise, in Myawady Township's Shwe Kokkho Village, 77 illegally constructed buildings intended for online gambling have been systematically demolished. As of June 2, 2026, 27 buildings have been destroyed, with the remaining 50 buildings to be demolished further.

Starting November 18, 2025, authorities also destroyed equipment seized from sites around Shwe Kokkho Village, including 3,310 computers/monitors, 21,870 mobile handsets, 102 Starlink devices, casino gaming tables, 22 routers, and from the 69 KTV compound near Myawaddy's Ward 3 along the Myawady-Maehtawthalay road, an additional 82 computers and 92 mobile phones.

Due to the harm caused to the state and citizens by online scams and gambling, these activities are being prosecuted under the Cybersecurity Law. Related offenses such as human trafficking, people smuggling, forced labor, and money laundering are also being effectively addressed. A draft Online Scam Countermeasure Law was announced on May 14, 2026, for public review and feedback.

The government is actively cooperating with neighboring countries, regional states, and international organizations to effectively and severely identify, arrest, and prosecute those involved in online scam centers, including foreign masterminds operating behind the scenes. Furthermore, efforts are being made to swiftly repatriate foreign nationals in distress and trafficking victims to their respective countries through effective coordination. 100

# Accelerated and prioritized efforts to combat online scams and online gambling



**Photo documentation of the deportation and handover of foreign nationals arrested for online scams and online gambling.**



**Photo documentation of the burning and destruction of buildings used for online scams and online gambling.**



**Photo documentation of the destruction of evidence items used in online scams and online gambling activities.**



**Photo documentation of the deportation and handover of foreign nationals arrested for online scams and online gambling.**

**Nay Pyi Taw June 2**

Online scams and online gambling have been operating primarily in Myanmar-China border areas such as Shan State (Namkham, Muse, Laukkaing, Chinshwehaw, Pansan, Mongla, Tachilek) and Myanmar-Thailand border areas such as Kayin State (Shwe Kokko, Maehtawthalay, Minletpan, and Phayathonezu), where ethnic armed organizations are active. These online scams and online gambling activities constitute national security threats and are classified as crimes against a large number of people, with various countries severely suffering from the resulting consequences and negative impacts. The government is prioritizing efforts to combat online scams and online gambling, which pose a danger to the international community and the entire world, as a national duty. To ensure that these globally harmful online scams and online gambling cannot establish any foothold in Myanmar, active measures are being taken through coordinated efforts with neighboring governments as well as domestic forces.

Regarding the crackdown on these online scams and online gambling operations, accelerated actions have resulted in the highest number of arrests in Shan State and Kayin State. Between October 5, 2023, and May 28, 2026, authorities identified and arrested 72,619 illegal foreign nationals who had unlawfully entered Myanmar's border areas to engage in online scams, casino operations, massage parlors, illegal prostitution, and restaurant businesses. Taking into account humanitarian considerations and bilateral friendship, these individuals were not prosecuted under domestic law but were deported and handed over to their respective countries in accordance with legal procedures.

As part of these transfers, between October 5, 2023, and May 28, 2026, 56,918 foreign nationals who had illegally entered Shan State for online financial scams and other activities were repatriated via Moneah Bridge, Yanlonkyaing Gate, BP-58, BP-125, Nanfarhauk Gate, Manwane Gate, Pangwai Town, Yonhe Gate, Talot Gate, BP-240, Maisai Gate, Tachilek Bridge No. 1, Tachilek Bridge No. 2, Laos' Mongmao Port, and Wan Pung Port.

Similarly, in Kayin State's Myawady Township, a joint task force began arresting and transferring illegal foreign nationals involved in online financial scams starting January 30, 2025. By May 26, 2026, 14,685 illegal foreign nationals had been apprehended, of which 13,521 have been deported to their respective countries, leaving 1,164 awaiting transfer.

Myanmar citizens and foreign nationals involved in online scams and online gambling have been identified, arrested, and prosecuted under existing laws. From January 1, 2023, to December 31, 2023, a total of 15 cases were recorded in Yangon Region and Shan State, resulting in the arrest of 49 Myanmar males, 63 Myanmar females, and 7 foreign males.

From January 1, 2024, to December 31, 2024, a total of 66 cases in Mandalay Region, Yangon Region, and Shan State led to the arrest of 431 Myanmar males, 327 Myanmar females, 761 foreign males, and 26 foreign females.

From January 1, 2025, to December 31, 2025, a total of 41 cases in Mandalay Region, Yangon Region, Mon State, and Shan State resulted in the arrest of 232 Myanmar males, 180 Myanmar females, 370 foreign males, and 20 foreign females.

From January 1, 2026, to May 28, 2026, a total of 23 cases in Mandalay Region, Yangon Region, Kayin State, and Shan State led to the arrest of 214 Myanmar males, 244 Myanmar females, 447 foreign males, and 62 foreign females.

In total, from January 1, 2023, to May 28, 2026, across 145 cases, authorities arrested and prosecuted 926 Myanmar males, 814 Myanmar females (total 1,740), and 1,585 foreign males, 108 foreign females (total 1,693), amounting to 3,433 individuals, in accordance with existing laws.

Additionally, to eradicate online scams and online gambling, joint teams comprising military columns and security forces conducted area security operations. The majority of buildings used for online gambling were found in Shan State and Kayin State. These structures have been legally demolished through explosives or mechanical means. Among 308 illegally constructed buildings in Shan State and 782 in Kayin State (1,090 total), 962 have been destroyed between February 5, 2025, and May 28, 2026. The remaining 128 buildings in Kayin State will be further demolished.

In Shan State, 308 buildings used for illegal online gambling across 16 townships—including Mongyai, Tangyan, Mongnaung, Kunhein, Kyethi, Likha, Kali, Mongpauk, Mongkung, Namsan, Muse, Tachilek, Metman, Mongkhat, and Mongshu—were destroyed between February 5, 2025, and May 28, 2026.

Similarly, in Kayin State's Myawady Township, within KK Park, 634 illegally constructed buildings were demolished in three phases between October 23, 2025, and January 8, 2026, using explosives and heavy machinery. Phase 1 (147 buildings) took place from October 23 to November 19, 2025; Phase 2 (62 buildings) from January 1 to 8, 2026; and

*See Page 14*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် အိန္ဒိယအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက နယူးဒေလီမြို့ Palam လေတပ်စခန်းတွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်း အာဏာပိုင်ဥက္ကဋ္ဌတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့သွားရောက်ကြည့်ရှုလေ့လာကြရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Mr. Gaurav Dayalias နှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းမှ လှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိပ်ကမ်းဆိုင်ရာ သမိုင်းကြောင်းနှင့် အချက်အလက်များ၊ အရှေ့တောင်အာရှနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံ၏အဓိကအကျဆုံး ဆိပ်ကမ်းတစ်ခုဖြစ်မှု အခြေအနေများ၊ ဆိပ်ကမ်းတွင် နည်းပညာမြင့်စက်ကိရိယာများအသုံးပြုလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အဖြစ် ပင်လယ်ရေကြောင်းကုန်သွယ်မှုများ၊ ဆိပ်ကမ်းဆိုင်ရာများကို ဆောင်ရွက်သွားနိုင်မှု၊ ဆိပ်ကမ်းကိုအသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံအတွက်စည်းကြပ်ခွန်များကို တိုးတက်ရှာဖွေပေးနိုင်ခဲ့မှု၊ ဆိပ်ကမ်း၏စွမ်းဆောင်ရည်များတိုးတက်စေရေး၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများတိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့မှု၊ ရိုးရိုးရှင်းရှင်းဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ Green Port အဖြစ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆိပ်ကမ်းမှ PPP မော်ဒယ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိမှု၊ ဆိပ်ကမ်းနှင့်ပတ်သက်သည့်သင်တန်းများကို မျှဝေသင်ကြားပေးနိုင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်း မှတ်တမ်းဗီဒီယိုကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့်(၂၃)ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့်(၁)ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကို ကျင့်သုံးနေသည်ကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများအရ ဆိပ်ကမ်း၏စွမ်းဆောင်ရည်များမြင့်မားသည်ကိုတွေ့ရပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊မိမိလာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ဆိပ်ကမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းပညာနှင့်ပတ်သက်၍ သင်တန်းများသင်ကြားပေးမည်ဆိုပါက မိမိတို့နိုင်ငံမှ သင်တန်းသားများကိုစေလွှတ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်း ဆိပ်ကမ်းအာဏာပိုင်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂျဝါဟာလာနေရူးဆိပ်ကမ်း အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဂျဝါဟာလာနေရူးဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာပြည်နယ် မွမ်ဘိုင်းမြို့၏ အရှေ့ဘက်၊ နာဗာရှီဗာဒေသတွင်တည်ရှိကြောင်း၊ ဆိပ်ကမ်း၏ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့် (၂၃)တွင်ရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကျသည့် ဆိပ်ကမ်း ၁၂ ခုအနက် အဆင့် (၁)ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကာ အိန္ဒိယတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှ သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း၊ ယခုဆိပ်ကမ်းကြီးသည် အိန္ဒိယနိုင်ငံ၏ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma တို့ တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Maharashtra Lok Bhavan Mumbai(Governor's House) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Maharashtra Lok Bhavan Mumbai (Governor's House) သို့ရောက်ရှိရာ မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းကြောင်းတစ်လျှောက်ကောင်းမွန်သည့်ဆက်ဆံရေးများရှိခဲ့မှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများ အချင်းချင်းအပြန်အလှန် ကူးလူးဆက်ဆံမှုများရှိမှုအခြေအနေများ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ကူညီမှုများဆောင်ရွက်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှုအခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲပြုလုပ်မည့်နေရာသို့ ရောက်ရှိရာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအား မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတက ကိုယ်စားလှယ်အဖွဲ့ဝင်များကို ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း မဟာရာရှ်ထရာပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ တေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် Maharashtra Lok Bhavan Mumbai(Governor's House) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ် ဂုဏ်ပြုတီးဝိုင်းအဖွဲ့၏ ဖျော်ဖြေတီးမှုတ်မှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်သမ္မတနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



☆ **ကျောဖုံးမှအဆက်**

ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့် ကျပ်ငွေတိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ဘဏ်ဝန်ထမ်းများကို ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ မျှဝေဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား Digital ငွေပေးချေမှုစနစ်၏ အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့်အတူ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် ၂၉ ကြိမ်မြောက် နိုင်ငံတကာ စီးပွားရေးဖိုရမ် (29 th St. Petersburg International Economic Forum – SPIEF 2026) သို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ ဦးထိန်လင်း၊ ဦးဆန်းဦး၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက်



စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေး တာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်

ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များ၊ ပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝဓ)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၂၉ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (မဝဓ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။



❖ **ဘောလုံးပြိုင်ပွဲမှ**

ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ယနေ့ တတိယလုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြိုင်ပွဲအပြီးတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက အကောင်းဆုံးဂိုးသမားဆုရ ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁) စောကောင်းခန့်၊ အကောင်းဆုံးနောက်တန်း အားကစားသမားဆုရ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၄) သန့်စင်၊ အကောင်းဆုံးအလယ်တန်း အားကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၀) စောအောင်မျိုးဦး၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၀) ကျော်လင်းခန့်၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ်(၁၁)ခွန်သာအောင်တို့ကို လည်းကောင်း၊ စတုတ္ထဆုရ ကချင်ပြည်နယ်အသင်း၊ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ဒုတိယဆုရ ရှမ်းပြည်နယ်အသင်းတို့ကို လည်းကောင်း ဆုဖလားများနှင့် ငွေသားဆုများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပထမဆုရ ကရင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ ရှေ့မှောက်၌ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ဦးရေ ၃၅၀ တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၇၂ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံ၊ လိုလားချက်၊ လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင် ဆောင်ရွက်ခဲ့ကြခြင်းများအပေါ် မြင်ကြားသိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း။

လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်သည့်အတွက် တည်ဆဲဥပဒေများသည် မျက်မှောက်ခေတ်အခြေအနေ၊ မူဝါဒများနှင့် ကိုက်ညီမှုရှိ၊မရှိ၊ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများဖြစ်မဖြစ်တို့ကို လေ့လာဆန်းစစ်၍ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့လွှတ်တော်သက်တမ်းတွင် ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ ဖြစ်ထွန်းစေရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော်အနေဖြင့် ဥပဒေများ ပြဋ္ဌာန်းရုံသာမကဘဲ တည်ဆဲဥပဒေများမှ တစ်ဆင့် တစ်ဆင့်ခံဥပဒေထုတ်ပြန်ခွင့် အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် ဆီလျော်ညီညွတ်မှုရှိ၊ မရှိ ဆန်းစစ်နေရမည်ဖြစ်သကဲ့သို့ ဥပဒေများကို နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန်ထိန်းညှိကူညီရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ယခုဒုတိယပုံမှန်အစည်းအဝေးတွင် အခြားကော်မတီများကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောဆန္ဒများကို လွှတ်တော်သို့ သယ်ဆောင်လာပြီး မေးခွန်း၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သောကိစ္စရပ်များဖြစ်စေရန်လိုအပ်ကြောင်း။

မိမိတို့လွှတ်တော် သက်တမ်းကာလအတွင်း လွှတ်တော်၏အခန်းကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြည်သူသို့ နည်းလမ်းစုံဖြင့် ထိတွေ့အသိပေးခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များအတွက် လိုအပ်သည့်သင်တန်းများ စီစဉ်ခြင်း၊ နိုင်ငံတကာပါလီမန်များနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်းများကိုလည်း တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများ လုံခြုံအေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူက အားကိုးသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အီဂေါ်ဆာဂေယန်ကို၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ United Russia ပါတီဥက္ကဋ္ဌ မစ္စတာ ဒီမီထရီမက်ဗီဒက်ဗ်၊ ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိုမိချိ ဝါတာနာဘေး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကို တာကခု၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆိုဖွန်းဇာရမ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး မစ္စတာကလျာဏဝိပတ္တိဘူမိပြထေရ်တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာဟိုရိုမိချိ ဝါတာနာဘေး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကို တာကခုတို့က ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌထံ ပေးပို့လာသော သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှု နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာကို လက်ခံရရှိသဖြင့် ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချိုဟွန်ဆင်ထံမှ ကျေးဇူးတင်ရှိကြောင်း သဝဏ်လွှာပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် **တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ ပြည်တွင်းအခွန်ဦးစီးဌာန၏ မော်တော်ကားဝယ်ယူ၊ ရောင်းချခြင်းများအပေါ် အခွန်စည်းကြပ်ရန် စံနှုန်းသတ်မှတ်ထားရှိသည့် ပေါက်ဈေးနှုန်းများထက် ထက်ဝက်ကျော်သော ဈေးနှုန်းထားများဖြင့် ရောင်းဝယ်လုပ်ကိုင်နေခြင်းများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနက စီမံကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းများအပေါ် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက် မော်တော်ယာဉ် အမျိုးအစားအလိုက် နှစ်စဉ်စံနှုန်းများ ကြိုတင်ပြုစုသတ်မှတ်ပြီး အခွန်စည်းကြပ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် စံနှုန်းတန်ဖိုးသည်လည်း အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် မိမိဆန္ဒအလျောက် အခွန်ပေးဆောင်နိုင်စေရေးတို့အတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် တစ်ပြေးညီဖြစ်စေရန် သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သဖြင့် မော်တော်ယာဉ်ဈေးနှုန်း အတက်အကျအခြေအနေများအရ ပြင်ပပေါက်ဈေးနှင့် စံနှုန်းကွာဟမှုရှိနိုင်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် IDS(IRD Documentation System) စနစ်ကို မြေပြင်တွင် အများဆုံးအရောင်းအဝယ်ဖြစ်နေသည့် မော်တော်ယာဉ်များ၏ ထုတ်လုပ်သည့်ခုနှစ်အလိုက် စံနှုန်းတန်ဖိုးများကို အတည်ပြုသတ်မှတ် ထည့်သွင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စံနှုန်းများသတ်မှတ်ရာတွင် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းနှင့် မော်တော်ယာဉ်အရောင်းပြခန်းများမှ သတင်းအချက်အလက်များရယူကာ ခြောက်လတစ်ကြိမ် ပြန်လည်သုံးသပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမို၍ပွင့်လင်းမြင်သာသည့် စနစ်တစ်ခုဖြစ်စေရန် မော်တော်ယာဉ်တန်ဖိုး အလိုအလျောက်စိစစ်အခွန်တွက်ချက်ပေးဆောင်သည့်စနစ် (Vehicle Automatic Valuation System– VAVS)ကို Online မှတစ်ဆင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ ခေါ် စိုင်းဆေဟန်၏ ပြည်တွင်းစက်သုံးဆီ အရောင်းဆိုင်များတွင် လက်ကျန်ဆီများ ရှိနေပါလျက်နှင့် အကြောင်းပြချက် အမျိုးမျိုးဖြင့် ဈေးနှုန်းချက်ချင်းမြှင့်တင်ပြီး အမြတ်ကြီးစားနေသော ဆီဆိုင်များကို မည်သို့သောထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့များတွင် အိမ်နီးချင်းနိုင်ငံများက တင်ပို့မှုကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အစိုးရတွင် မည်သို့သောအစီအစဉ်နှင့် အစားထိုးဝယ်ယူမည့် လမ်းကြောင်းများ ပြင်ဆင်ထားသည်ကို သိရှိလိုခြင်း၊ စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ ကော်မတီအနေဖြင့် ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ် ပြတ်လပ်မှုရှိ၊ မရှိ၊ မတန်တဆဈေးနှုန်းများကို ထိန်းညှိပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှ ပြည်သူလူထုကို ကာကွယ်ပေးရန်အတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေးနှင့် ဖူလုံမှုရှိစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိနိုင်ပါကြောင်း၊ ပြည်သူများက စက်သုံးဆီ ဝယ်ယူသုံးစွဲရာတွင် အရောင်းဆိုင်များက ဈေးတင်ရောင်းချခြင်းများ မရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြို့နယ်များအလိုက် ရည်ညွှန်းလက်လီဈေးနှုန်းများကို စိစစ်တွက်ချက်ပြီး အများပြည်သူသိစေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း။

စက်သုံးဆီ အရောင်းဆိုင်များ၏ သတ်မှတ် ရည်ညွှန်းဈေးများအတိုင်း ရောင်းချနိုင်ရေး ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး တိုင်ကြားလာမှုများအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ စက်သုံးဆီတင်ပို့မှု ကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပင်လယ်ရေကြောင်းမှတင်သွင်းသည့် စက်သုံးဆီကုမ္ပဏီများမှတစ်ဆင့် စက်သုံးဆီများ ပြန်လည်ရရှိနိုင်ရေးနှင့် ရန်ကုန်-နေပြည်တော် - တောင်ကြီး - ကျိုင်းတုံ ပြည်ထောင်စု လမ်းမကြီးအတိုင်း သယ်ဆောင်ဖြန့်ဖြူးသွားနိုင်ရေး အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များတွင် အမှန်တကယ် ဆီပြတ်လပ်မှုရှိ၊ မရှိ ပုံမှန်၊ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မတန်တဆဈေးနှုန်းများဖြင့် ရောင်းချမှုမရှိစေရေးနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှကာကွယ်ပေးနိုင်ရေး သတင်းစုံစမ်း ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ ရှမ်းပြည်နယ် နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့အတွင်းရှိ နယ်မြေခံ တပ်သို့**

စာမျက်နှာ ၂၀ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု ဒုတိယပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတော်၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထု၏ အကျိုးဖြစ်ထွန်းစေမှုကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်အစည်းအဝေးများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပေါ်ပေါက်ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်အစိုးရအဖွဲ့သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွား ဘဝမြင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွေ့မြင်သိရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများသည် ထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်အတွက် အခြားသောရေးရာကိစ္စရပ်များလေ့လာရန် လိုအပ်သည့် ရေးရာကော်မတီများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေးရာကော်မတီများသည် မိမိတို့၏ရေးရာကိစ္စရပ်များအလိုက် ကော်မတီလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျ လိုက်နာပြီး ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ဦးတည် ဆောင်ရွက်နေခြင်းဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း အရေးကြီးသည့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရေး တင်သွင်းဆွေးနွေးသွားရန်ရှိကြောင်း၊ ယင်းဥပဒေကြမ်းသည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေး **စာမျက်နှာ ၂၁ သို့**

---

**စာမျက်နှာ ၁၉ မှအဆက်**

**ပို့လွှတ်ထားသော ဓာတ်အားလိုင်းမှ အန္တရာယ်ရှိနေသော သစ်လုံးတိုင်များကို ခိုင်ခံ့သည့်ကွန်ကရစ်တိုင်များဖြင့် အမြန်ဆုံး အစားထိုးလဲလှယ်ပေးရန်နှင့် အဆိုပါ ဓာတ်အားလိုင်းကို မြို့ပတ်လမ်း သို့မဟုတ် မြို့ရှောင်လမ်းဘက်မှ လိုင်းလမ်းကြောင်း ပြောင်းလဲသွယ်တန်းပေးရန် အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ နယ်မြေခံတပ် ရေစက်၏ ၁၁/၀.၄ ကေဗွီ၊ ကေဗွီအေ ၅၀ ထရန်စဖော်မာသို့ ဓာတ်အားပေးရန်အတွက် ကျိုင်းတောင်း ဓာတ်အားပေးစက်ရုံရှိ ၃၃/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ၁၁ ကေဗွီ ကျိုင်းတောင်းမြို့တွင်း ဖီဒါ ဓာတ်အားလိုင်းမှ ခိုလမ်မြို့အထွက်တွင် ဓာတ်အားလိုင်းခွဲထွက်၍ တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းအပိုင်းတွင် ကွန်ကရစ်တိုင် ခုနစ်တိုင်နှင့် သစ်သားတိုင် နှစ်တိုင်ဖြင့် သွယ်တန်းတည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားတိုင် နှစ်တိုင်ကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ် ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် လျှပ်စစ်ဓာတ်အားများကို မည်သည့်အချိန်၌ ရရှိမည်၊ မည်သို့မည်ပုံ ခွဲဝေဖြန့်ဖြူးနိုင်မည့် အစီအစဉ် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က သီပေါမြို့ကို တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိပြီးနောက် ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ၆၆ ကေဗွီ သီပေါ ဓာတ်အားခွဲရုံကို ပြုပြင်ခဲ့ရာ ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းကို စစ်ဆေးပြုပြင်ထားပြီးဖြစ်ပါကြောင်း။

သီပေါမြို့ကို ယာယီဓာတ်အားပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပိုင်ဆိုင်သော ၆၆၅ ကီလိုဝပ်နှင့် ၁၆၅ ကီလိုဝပ် ဒီဇယ် ဓာတ်အားပေးစက် နှစ်လုံးဖြင့် မြို့ပေါ် ဌာနဆိုင်ရာရုံး ၄၀ တို့ကို တစ်နေ့လျှင် ၆ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားပေးစက်အတွက် လိုအပ်သော စက်သုံးဆီကို ဝန်ကြီးဌာနက ပံ့ပိုးပေးလျက်ရှိပါကြောင်း။

သီပေါမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် မြို့တွင်း ဓာတ်အားဖြန့်ဖြူးပေးမည့် ၁၁ ကေဗွီ နှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို ပြန်လည်ပြုပြင်ထားပြီးဖြစ်ပါသဖြင့် သီပေါမြို့ကို ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားပြန်လည်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ကြီးဌာနမှ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီထံသို့ တင်ပြထားရှိပြီး ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးစီးပါက သီပေါဓာတ်အားခွဲရုံမှတစ်ဆင့် သီပေါမြို့ပေါ် ရပ်ကွက် ၁၁ ခုကို ဓာတ်အားစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက် ခအုန်းမော်ကျေးရွာ၌ရှိသော နေရောင်ခြည်စွမ်းအင်သုံးစက်ရုံကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်မြို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေး မာန်အောင်မြို့ ခအုန်းမော်ကျေးရွာတွင် PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System ဓာတ်အားပေးစက်ရုံ PCS (PV) Panel ရှိ Capacitor ချို့ယွင်းမှု၊ Lead Acid Battery များ၏ လျှပ်စစ်သိုလှောင်နိုင်သည့် စွမ်းရည်ကျဆင်းမှုနှင့် 625 KVA Diesel Generator ချို့ယွင်းမှုကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်း မရှိတော့ပါသဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ညှိနှိုင်းခဲ့ပြီး Posco Daewoo Co., Ltd. က ပြည်တွင်းရှိ ကုမ္ပဏီဖြစ်သည့် KST Co., Ltd. ကို တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြုပြင်ခြင်းလုပ်ငန်းများသည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသော နယ်မြေဒေသ လုံခြုံရေးအခြေအနေများကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ၁-၁-၂၀၂၄ ရက်မှစတင်မောင်းနှင်၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးခဲ့ရပြီး လက်ရှိအချိန်တွင် မာန်အောင်မြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာ လေးရွာတို့ကို အုပ်စု လေးအုပ်စုခွဲ၍ ညအချိန်တွင် တစ်နာရီခွဲနှုန်းဖြင့် အလှည့်ကျဓာတ်အား ပေးလျက်ရှိပါကြောင်း။

ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ်စက် Hybrid စနစ်ဖြင့် အပြည့်အဝပြန်လည်မောင်းနှင်ဓာတ်အားပေးနိုင်ရန်အတွက် Battery များ အစားထိုးလဲလှယ်ပေးခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ဘက်ထရီလဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပါက PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System ကိုမောင်းနှင်၍ မာန်အောင်မြို့ကို ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ နိုင်ငံတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များကို စက်သုံးဆီခွဲတမ်းပြန်လည်ပြီးချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စက်သုံးဆီခွဲတမ်းပြန်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လက်ရှိနယ်မြေအခြေအနေအရ စက်သုံးဆီပို့ဆောင်မှု အဆင်ပြေချောမွေ့ခြင်းရှိမရှိနှင့် စက်သုံးဆီများကို မသက်ဆိုင်သည့် အဖွဲ့အစည်းများသို့ မရောက်ရှိစေရေးအတွက် ၁-၂-၂၀၂၆ လားရှိုးမြို့၊ တန့်ယန်းမြို့၊ မိုင်းရယ်မြို့တို့သို့ 92 Ron ဓာတ်ဆီလီတာ သုံးသောင်း ခြောက်ထောင်ကျော်၊ ပရီမီယံဒီဇယ် သုံးသောင်းခြောက်ထောင်ကျော်ကို တစ်မြို့လျှင် နှစ်စီးနှုန်းဖြင့် ဆီသယ်ယာဉ် ခြောက်စီးကို ကနဦးအစီအစဉ်အဖြစ် ရန်ကုန်သီလဝါမှ တောင်ကြီး - ဟိုပုံး - လွိုင်လင် - ကျေးသီး - မိုင်းရယ် - တန့်ယန်း - လားရှိုးလမ်းကြောင်းအတိုင်း သယ်ယူခဲ့ရာ ၉-၂-၂၀၂၆ ရက်တွင် သက်ဆိုင်ရာမြို့များသို့ ရောက်ရှိခဲ့ပါကြောင်း၊ လမ်းခရီးတွင် အဆင့်ဆင့် ခွင့်ပြုချက်ရယူသွားလာရသည့် အခြေအနေဖြစ်ပြီး လက်ရှိအခြေအနေတွင် စက်သုံးဆီသယ်ယူမှု အဆင်ပြေချောမွေ့မှု မရှိသေးသည့်အခြေအနေရှိနေသေးကြောင်း သုံးသပ်ရပါသဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက စက်သုံးဆီဝယ်ယူခွင့် (PO) ကို ဆက်လက်ယာယီရပ်ဆိုင်းထားပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စက်သုံးဆီသယ်ယူမှုလမ်းခရီးအခြေအနေ ချောမွေ့ကောင်းမွန်မှုရှိချိန်တို့တွင် စက်သုံးဆီဝယ်ယူခွင့်(PO)များကို ပြန်လည်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်းရေးမှူးအဖြစ် နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း၊ အတွင်းရေးမှူးအဖြစ် နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများကို တွေ့ဆုံ

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော်အမြဲတမ်းကော်မတီများကို တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်တွင် မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်သာမက အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ဥပဒေအရ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ခွင့် အပ်နှင်းခံရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လွှတ်တော်ကော်မတီများသည် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့် နေရာတွင် အရေးကြီးသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း။

အမြဲတမ်း ကော်မတီများသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖိတ်ကြားကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ လိုအပ်သည့် အထောက်အထားတင်ပြစေခြင်းစသည့် ဆောင်ရွက်ခွင့်ရှိသော အရေးကြီးသည့်လွှတ်တော်ကော်မတီများ ဖြစ်ပြီး လွှတ်တော်၏ အဓိကကျသည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီ လေးရပ်အနေဖြင့် မတူညီသော လုပ်ငန်းတာဝန်များ ရှိပြီး (၁) ဥပဒေကြမ်းများစိစစ်ဆွေးနွေးခြင်း၊ (၂) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ကိစ္စရပ်များစိစစ်ခြင်း၊ (၃) လွှတ်တော်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊(၄) ပြည်ထောင်စုအစိုးရ၏အာမခံချက်၊ ကတိကဝတ်များ စိစစ်ခြင်းဆိုင်ရာ များစသည့် လွှတ်တော်၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကအကျဆုံး အရေးကြီးသည့် ကော်မတီများဖြစ်ပါကြောင်း။

လွှတ်တော် အမြဲတမ်းကော်မတီများ ဖြစ်ကြသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများသည် အစိုးရနှင့် အပြန်အလှန် ထိန်းကျောင်းပြီး ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်ယန္တရား အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရေးအတွက် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း။

အမြဲတမ်း ကော်မတီများသည် ဥပဒေပြုရေး၊ ဘဏ္ဍာငွေကြီးကြပ်ရေး၊ ကိုယ်စားလှယ်ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း၊ ကော်မတီတစ်ခုစီ၏ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လိုလားတောင့်တချက်များကို လွှတ်တော်က ဖော်ဆောင်မှုနှင့်အတူ ပြည်သူအတွက် ဆောင်ရွက်ချက်များအဖြစ် ထင်ဟပ်စေပြီး အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကိုလည်း ပေါ်လွင်ထင်ရှားစေပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကော်မတီများ၏ လုပ်ငန်းများကို အစဉ်တိုက်တွန်းအားပေးပြီး အကြံပြုချက်များကို အလေးထားဆောင်ရွက်ရန်၊ ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ပိုင်ခွင့် အသုံးပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

လွှတ်တော်လုပ်ငန်းစဉ်တွင် ကော်မတီများအနေဖြင့် မိမိတို့လွှတ်တော်တစ်ရပ်တည်းမဟုတ်ဘဲ တစ်ဖက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရသည့် အပိုင်းများလည်းရှိလာနိုင်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သည် မိမိတို့၏ စုပေါင်းတိုင်ပင်ဆုံးဖြတ်ချက်များနှင့် တာဝန်ယူမှုအပေါ်တည်ရှိသည့်အတွက် ကော်မတီများ၏ အောင်မြင်မှုသည် လွှတ်တော်တစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် ပြည်သူများ၏ ယုံကြည်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ကျေဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူကောင်းကျိုးအတွက် စေတနာထားဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အခွင့်အရေး ကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးတို့က သက်ဆိုင်ရာ ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှု၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့် အခြေအနေများကိုတင်ပြကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“၂၀၁၆-၂၀၁၇ ပညာသင်နှစ်ရောက် အကြမ်းဖက်အုပ်စုတွေ လက်အောက်က ကလေးငယ်များ ပညာသင်ကြားခွင့်ရမည်လား”** ခေါင်းစဉ်ဖြင့် ၃-၆-၂၀၁၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ၁၀-၆-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်တွေ၊ အကြမ်းဖက်ပစ္စည်းတွေကို အားပေးလက်ခံကူညီလုပ်ဆောင်နေသည့်အတွက် ပြည်သူတွေ ရင်ဆိုင်နေရတဲ့ ဆိုးကျိုးများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၂ - ၆ -၂၀၁၆)

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

**စာမျက်နှာ ၂၀ မှအဆက်**

အတည်ပြုရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများကို မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရေးအတွက် ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များက အလေးအနက်ထားဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်စေရန်အတွက် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့် ထင်ဟပ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းရပ်များကို ဆောက်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲချိ ဟွန်ဆင်၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာမွန်ကွန်း စူရစစ်ဂျာ၊ ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် မစ္စတာဟိရိုမိချိ ဝါတာနာဘေး၊ ဂျပန်-မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာနာအိုဟိကိုတာကခုတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတကာ ဆက်ဆံရေးကော်မတီကို ၂၀၁၆ ခုနှစ် ဧပြီ ၂၄ ရက် လွှတ်တော်ရပ်နားထားစဉ် ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရန်များ ရှိသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံတကာ ဆက်ဆံရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉)မှ ဦးအောင်မင်းနိုင်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

(ယမန်နေ့မှအဆက်)

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေးအားကောင်းဖို့၊ စီးပွားရေးအားကောင်းဖို့နဲ့ ကာကွယ်ရေးအားများကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ဒီလို နိုင်ငံအတွက် အဓိကမောင်းနှင်အားတွေ ကောင်းနေဖို့အတွက်ဆိုရင် မိမိတို့နိုင်ငံတစ်ခုတည်းနဲ့ တည်ဆောက်နေလို့မရပါဘူး။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွေကို တည်ဆောက်သွားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံဟာ ယခုအချိန်မှာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့ လွှတ်တော်ဟာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း တွေ့မြင်နေရမှာပဲဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့ တာဝန်ထမ်းဆောင်ချိန်ကနေစပြီးတော့ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံအတွက် လိုအပ်တဲ့ အဓိကမောင်းနှင်အားတွေ အားကောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

ယခုအခါမှာလည်း မိမိတို့မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာဆိုရင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီရဲ့ ဖိတ်ကြားမှုနဲ့ အိန္ဒိယနိုင်ငံကို ရောက်ရှိနေတာဟာ သုံးရက်တိုင်တိုင်ရှိခဲ့ပြီပဲ ဖြစ်ပါတယ်။

အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာဆိုရင် ခေတ်အဆက်ဆက် ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့ အခွန့်ရှည်ခဲ့တဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပြီးတော့ နှစ်နိုင်ငံအကြား ဘာသာရေး၊ယဉ်ကျေးမှု၊ကုန်သွယ်မှုစတဲ့ကဏ္ဍစုံမှာပတ်သက်ဆက်နွယ်မှုများစွာ ရှိခဲ့ပါတယ်။ ထိုမျှသာမက ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့ဖူးတဲ့ ခံစားချက်သဘာဝလည်း အတူတူရှိခဲ့ပါတယ်။ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ဖူး၍ မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှုဟူသည့် စိတ်သဘာဝသည်လည်း တူညီစွာရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓသာသနာသည်လည်း အိန္ဒိယနိုင်ငံမှ ဆင်းသက်လာခြင်းကြောင့်ဘာသာ၊သာသနာအပေါ် မြတ်နိုးတန်ဖိုးထား ကိုးကွယ်ခြင်းများလည်း တူညီကြပါတယ်။ ဒ့ါကြောင့် အိန္ဒိယနဲ့ မြန်မာနိုင်ငံသည် အဖိုးအနဂ္ဃထိုက်သော စိတ်နှလုံးသားအမြုတေများ အများဆုံးတူညီကြသော ထူးခြားသည့် နိုင်ငံနှစ်နိုင်ငံ ဟုသာ ဆိုရပါမယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ ဇွန်လ ၁ ရက်နေ့က ရင်းရင်းနှီးနှီးခရီးဦးကြိုဆိုစဉ်။

> ❝ နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ်ငွေ ပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့ ❞

နှစ်နိုင်ငံ တရားဝင်သံတမန်ဆက်သွယ်မှု သမိုင်းအရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ နှစ်နိုင်ငံအကြား တရားဝင်သံတမန်ဆက်သွယ်ရေးကို စတင်ထူထောင်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေး ခရီးအစတွင် တရားဝင်သံတမန်ဆက်သွယ်ရေးကို ထူထောင်ခဲ့သည်ဆိုသော်လည်း ၁၉၁၆ ခုနှစ်ဟူသည့် လွတ်လပ်ရေးမရရှိခင်ကတည်းကပင် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများရှိနေခဲ့သည်ကိုလည်း သမိုင်းကြောင်းများအရ တွေ့မြင်ရပါတယ်။ အိန္ဒိယရှိ ထင်ရှားသော စာဆိုတော် ရာဘင်ဒြာနတ်တဂိုး၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီမှစ၍ ယနေ့အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ထိတိုင် မြန်မာနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံ၏ အကြီးအကဲများဖြစ်ကြသော ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော် စသောနိုင်ငံ့အကြီးအကဲများ အဆက်ဆက်သည်လည်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြတာကို တွေ့မြင်နိုင်ပြီးတော့ ယင်းတို့သည် မြန်မာနှင့်အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရေးအခွန့်ရှည်မှုကို ညွှန်းဆိုပြသနေသလိုပဲ ဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အကြောင်းကို ဆက်ရပါဦးမည်။ ကျွန်တော်တို့ရဲ့ သမ္မတကြီးဟာဆိုရင် ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မိမိတို့နိုင်ငံတော်သမ္မတကြီး အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့မိမိတို့နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ဟာ အချိန်အတော်ယူကာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံဆွေးနွေးချိန်မှာ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာဆိုရင် တည်ကြည်လေးနက်စွာနဲ့ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံပြည်သူများရဲ့အကျိုးကိုရှေးရှုပြီးတော့ဆွေးနွေးခဲ့ကြတာကို မိမိကိုယ်တိုင် မျက်စိနဲ့မြင် နားနဲ့ကြားသိခွင့်ရလို့လည်း လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တွေ့ဆုံဆွေးနွေးချက်များအရ အိန္ဒိယနိုင်ငံရဲ့ မြန်မာနိုင်ငံနဲ့ လက်ရှိ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အပေါ် ရင်းနှီးချစ်ကြည် လေးနက်ခိုင်မာစွာ ထားရှိသည့် သဘောထားဆန္ဒနဲ့ နှစ်နိုင်ငံကြားဆက်လက်ထားရှိရမည့် အနာဂတ်၏ သဘောထားဆန္ဒကိုပါ ထင်ရှားစွာတွေ့မြင်ရပါတယ်။ နှစ်နိုင်ငံအကြား ကဏ္ဍတစ်ခုတည်းမဟုတ်၊ သမိုင်းစဉ်နှင့်ချီသည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ မြေပထဝီ၊ နိုင်ငံရေးပထဝီနှင့် လူမှုပထဝီ စသည့်အကြောင်းနောက်ခံမှုများစွာနှင့် ပတ်သက်ဆက်နွယ်နေတာကိုလည်း သိမြင်ရပါတယ်။

အဲဒီလိုတွေ့ဆုံချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာနဲ့ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှာ မကြာမီကာလက ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့မှုအပေါ်မှာ များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ အိန္ဒိယနိုင်ငံကို ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လာရောက်ခဲ့မှုအပေါ်လည်း များစွာဂုဏ်ယူပါကြောင်း၊ ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လာပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံအတွက် ကောင်းကျိုးရလဒ်တွေရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ခရီးဦးကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြန်လည်ဆွေးနွေးပြောကြားရာမှာ ယခုလို အဆွေတော်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက်လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက်အဆွေတော်ကို ကျေးဇူးတင်အသိအမှတ်ပြုအပ်သည်ကို ပြောကြားလိုပါကြောင်း၊ မိမိသမ္မတတာဝန်စတင်ထမ်းဆောင်မှု ကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့ နိုင်ငံမှကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ “အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်”ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြန်လည်ပြီး ဆွေးနွေးပြောကြားခဲ့ပါတယ်။

အိန္ဒိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့၏ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးနှင့် နားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးတို့ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ်ငွေပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရချိတ်ဆက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့် ဘုံသဘောတူညီချက်ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့သည်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

တွေ့ဆုံပွဲပြီးဆုံးပြီးတဲ့ အချိန်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပြီး ပြန်လည်ထွက်ခွာချိန်မှာ နိုင်ငံတော်သမ္မတကြီး စီးနင်းသည့် မော်တော်ယာဉ်အနီးအထိ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လိုက်ပါပို့ဆောင်မှုကို ထောက်ရှုခြင်းအားဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနဲ့ သံတမန်ဆက်ဆံရေးခိုင်မာမှု၊ အလေးအနက်ထားမှုတို့ကို ပေါ်လွင်စေခဲ့ပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရက်ပတီမာမူနဲ့ သမ္မတအိမ်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့်အပြည့်အဝထောက်ခံအားပေးလျက်ရှိမှုတွေ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းတွေ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမယ့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများ မျှဝေနိုင်သည့်အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါတယ်။

မိမိတို့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရက်ပတီမာမူတို့ ဇွန် ၁ ရက်က သမ္မတအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အိန္ဒိယနိုင်ငံကို တရားဝင်ခရီးအဖြစ် ရောက်ရှိပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ သမ္မတတို့နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

မိဘတို့ အပြင်သွားလျှင် သားသမီးလေးများအတွက်ဟု မြင်မြင်သမျှကို ရည်စူးလေ့ရှိ၏။ အိမ်တွင်ကျန်ရစ်ခဲ့သည့် သားသမီးများသည်လည်း မိဘများပြန်လာလျှင် မိမိတို့အတွက်ပါလာမည့် အစားအသောက်လေးများမှစ၍လက်ဆောင်ပစ္စည်းထိတိုင် မျှော်လင့်တတ်ကြစမြဲ။ ဤသည်ကား မိဘနှင့်သားသမီးကြားမှ ရည်စူးခြင်းနှင့် မျှော်လင့်ခြင်းသဘာဝတို့သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသူနိုင်ငံသားများကြားတွင်လည်း ဤသို့သော ရည်စူးခြင်း၊ မျှော်လင့်ခြင်းများ တပွေ့တပိုက်ရှိနေမည်မှာလည်း မလွဲကေန်ပင်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် တပ်မတော်သားဘဝကတည်းကပင် အရိုးကြေကြေ၊ အရေခန်းခန်းဆောင်ရွက်တတ်သော မိမိတို့ သမ္မတကြီးအနေနဲ့ ယခုခရီးစဉ်မှာလည်း ပြည်သူလူထုတို့အတွက် ကောင်းမြတ်သော အကျိုးရလဒ်များစွာကို

“နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေး အတွက် အတွေ့အကြုံများ မျှဝေနိုင်သည့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန်ဆွေးနွေးနိုင်ခဲ့”

ဖော်ဆောင်ပေးနိုင်ခဲ့မည်ဖြစ်ပြီးတော့ အိမ်ပြန်လက်ဆောင်မွန်ကောင်းကို ဆောင်ကြဉ်းပေးခဲ့မည်မှာ မလွဲကေန်ဖြစ်ကြောင်းကို အကြွင်းမဲ့ယုံကြည်ပါကြောင်း အိန္ဒိယမြေမှ စာလွှာပါးလိုက်ရပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်

## ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ၊
(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊
(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊
(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ၊

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။
(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။
(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။
(ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ၊
(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။
(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊
(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊
(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်၊
(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်၊

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊
(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊
(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော်  ဇွန်  ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရွှာတော်ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယခုသင်တန်းကို ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးရှိ ဝန်ထမ်းများကို မြန်မာအီလက်ထရောနစ် မဲပေးစက်များနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မဲပေးစက်များသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့် ကြီးကြပ်ကန့်သတ်ပစ္စည်းများ ဖြစ်သည့်အတွက် ထားသိုထိန်းသိမ်းရာတွင် လုံခြုံမှုရှိရန်၊ သဘာဝဘေး အန္တရာယ်ကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ပျက်စီးထိခိုက်မှုမဖြစ်အောင် စနစ်တကျထားသိုထိန်းသိမ်းကြရန်၊ ခြောက်လတစ်ကြိမ် စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်း သင်တန်းပို့ချနေမှုကို ကြည့်ရှုသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇွန် ၂ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ မိုင်နှုန်းမြင့်တင်ပြေးဆွဲနိုင်ရေးနှင့် ပြည်-အောင်လံ-ဆတ်သွား-ပုဂံလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော်  ဇွန်  ၂**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများသည် ဇွန် ၁ ရက်တွင် RBE ရထားဖြင့် ရန်ကုန်-ပြည် ရထားလမ်းပိုင်းတစ်လျှောက် မိုင်နှုန်းမြင့်ပြေးဆွဲနိုင်ရေး ရထားလမ်းကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ပံတန်းဘူတာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ပထမဆုံး စတင်ပြေးဆွဲစဉ်ကတည်းက တည်ဆောက်ခဲ့သော ၁၄၉ နှစ်ကျော်သက်တမ်းရှိသည့် ရှေးဟောင်းဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်မှုများဆောင်ရွက်ရန်နှင့် တန်ဖိုးထားထိန်းသိမ်းဆောင်ရွက်ရန်မှာကြားပြီး မြန်မာ့မီးရထား ဆေးပေးခန်းနှင့် လက်ပံတန်းစက်ခေါင်းရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား-ပုဂံ ရထားလမ်းပိုင်း ပရပ်ကြယ်နှင့်ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ ရှိ တံတားအမှတ် (၃၄၃) ရန်ပယ်ချောင်းတံတား ပြန်လည်ပြုပြင်တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အဆိုပါတံတားသည် ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၌ အဓိကအရေးပါသည့် တံတားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်းလုပ်ငန်း၊ တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်(ခရိုင်ရုံး) ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒီဇယ်စက်ခေါင်းရုံ(ပြည်)၊ ပြည်ဘူတာ၊ ဘူတာပန်းခြံသို့ ရောက်ရှိပြီး ပန်းခြံနှင့်ဘူတာသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်၊ ပန်းခြံအတွင်း အလှပြရေနွေးငွေ့စက်ခေါင်းများထားရှိပြီး ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးဆောင်ရွက်ရန်မှာကြား၍ ပြည်ဘူတာမှ RBE ရထားဖြင့် ထွက်ခွာကာ ပြည်-ရန်ကုန် လမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများ၊ တံတားများ၊ ရထားလမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာယာဝတီဘူတာသို့ ရောက်ရှိပြီး သာယာဝတီဘူတာသည် ၁၄၉ နှစ်ကျော် သက်တမ်းရှိသည့် ရှေးဟောင်းအမွေအနှစ်ဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက်ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သနပ်ချောင်းဘူတာသို့ ရောက်ရှိကာ ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေး၊အရှည် ၃၉ ပေရှိသော သံလမ်းများကို Flash Butt Welding Machine ဖြင့် ကိုးချောင်းဆက်ခြင်းလုပ်ငန်းနှင့် ဂဟေဆက်ပြီး သံလမ်းများကို Ultra-sonic Rail Flaw Detector ဖြင့် သံလမ်းဆက်အရည်အသွေး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ




**မန္တလေး ဇွန် ၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး မေးမြန်းသည့်ကြယ်ပွင့်ပြ မေးခွန်း ၁၅ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ရေးရာနှင့် လူမှုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဆိုင်ရာ ကော်မတီအဖွဲ့ဝင်တို့ကို ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ရန် အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပြီး၊ ၎င်းကော်မတီ ငါးခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပြောင်းလဲ၊ ဖြည့်စွက် တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ကျိုင်းတောင်းစက်ရုံ၏ ဓာတ်အားပေးစက်များကို အလှည့်ကျရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၁၈ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံဖြစ်ပြီး Run-Off River Type စက်ရုံ အမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအခြေအနေပေါ်မူတည်၍ ဓာတ်အားပေးစက်များကို မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် နွေရာသီကာလတွင် ရေဝင်ရောက်မှုအခြေအနေမှာ ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားပေးစက် နှစ်လုံးသာ မောင်းနှင်နိုင်သည့် ရေပမာဏသာရှိသဖြင့် တပ်ဆင်ထားသော စက်သုံးလုံးအနက် နှစ်လုံးကို အလှည့်ကျမောင်းနှင်ပြီး ကျန်တစ်လုံးကို ရပ်တန့်ထားသည်။

လာမည့် မိုးရာသီ ရေဝင်များပြားလာမည့်ကာလတွင် ဓာတ်အားပေးစက်သုံးလုံးကို စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဓာတ်အားပေးစက်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဓာတ်အားပေးစက် သုံးလုံးအနက် အမှတ်(၁) စက်ကို ၂၀၂၆ ခုနှစ် မေ ၁၈ ရက်မှ ၂၈ ရက်ထိဆောင်ရွက်ခဲ့ပြီး အမှတ်(၂) စက်ကို မေ ၂၉ ရက်မှ ဇွန် ၇ ရက်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်တစ်လုံး ရပ်တန့်ပြုပြင်နေစဉ်အတွင်း ကျန်စက်နှစ်လုံးကို မောင်းနှင်လည်ပတ်၍ ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မေလနှင့် ဇွန်လတို့တွင် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေဝင်ရောက်မှုအရ ဓာတ်အားပေးစက် နှစ်လုံးဖြင့် ပြည့်မီအောင် မောင်းနှင်နိုင်သဖြင့် ဓာတ်အားစနစ်သို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်မှုကို ထိခိုက်မှုမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းကို ရန်ကုန်မြို့ ထောက်ကြန့်တွင် ရုံးခွဲတိုးချဲ့ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်မောင်းလိုင်စင်ရယူလိုသူများအတွက် ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်းကို တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)တွင် Online Booking စနစ်ဖြင့် အလှည့်ကျဖြေဆိုစေခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ဖြေဆိုသူဦးရေများပြားလာခြင်းကြောင့် လက်ရှိဆောင်ရွက်နေသည့် (ရွာသာကြီး)ရုံးအပြင် ရန်ကုန်မြို့ ထောက်ကြန့်တွင် ယာဉ်မောင်းလိုင်စင် စစ်ဆေးရေးရုံးခွဲကို ဇွန် ၈ ရက်မှ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသောကြောင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအနေဖြင့် မိမိတို့ဖြေဆိုလိုသည့် နီးစပ်ရာရုံးကို Online Booking ဖြင့် ရက်ချိန်းရယူ၍ အချိန်ကုန်သက်သာစွာဖြင့် လွယ်ကူစွာသွားရောက်ဖြေဆိုနိုင်ပါကြောင်းနှင့် Online Booking ရယူခြင်းအတွက် www.rtad.gov.mm တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့်လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်တွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၇)၏ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ် ဧရိယာများရှိ အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ၂ - ၆ -၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၀၀,၃၂၈.၄၇ | ၈၅၉,၅၄၄.၅၈ | ၃၂,၈၀၆,၀၃၂.၉၈ | ၁၈,၅၄၁,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ မုယော၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ၂၀၂၆ ခုနှစ် ဇွန် ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိ



(၂၉-၁-၂၀၂၃) ရက်နေ့တွင် Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစား)လုပ်ငန်း လုပ်ကိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်း အမှတ်(FG-98) နေအိမ်မှ တရားခံ အောင်ဖုန်းကျော် ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၂

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လွှမ်းမိုးလျက်ရှိသည့် ရှမ်းပြည်နယ် နမ့်ခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်း၊ မိုင်းလားနှင့် တာချီလိတ်အစရှိသည့် မြန်မာ- တရုတ် နယ်စပ်ဒေသများနှင့် ကရင်ပြည်နယ် ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံ၊ ဘုရားသုံးဆူအစရှိသည့် မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော (National Security Threat) ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပြီး ထွက်ပေါ်လာသောရလဒ်နှင့် ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေရသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်ထိ မြန်မာနိုင်ငံနယ်စပ်ဒေသများအတွင်းသို့ တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများပြုလုပ်ခြင်း၊ အနှိပ်ခန်းနှင့် တရားမဝင် ပြည့်တန်ဆာလုပ်ငန်းများ ပြုလုပ်ခြင်း၊ စားသောက်ဆိုင်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သူများ စသည့် အထောက်ထားမဲ့ဝင်ရောက်လာသူ တရားမဝင်နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့ကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ကို လူသားချင်း စာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှုကာ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုသို့လွှဲပြောင်းခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်ထိ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့ကို မုံးအတံတား၊ ရန်လုံကျိုင်းဂိတ်၊ ဘီပီ-၅၈၊ ဘီပီ-၁၂၅၊ နန့်ဖာဟော်ဂိတ်၊ မန်းဝိန်းဂိတ်၊ ပန်ဝိုင်မြို့ ရုံဟယ်ဂိတ်၊ တာလေ့ဂိတ်၊ ဘီပီ-၂၄၀၊ မယ်ဆိုင်ဂိတ်၊ တာချီလိတ် အမှတ်(၁)တံတား၊ တာချီလိတ် အမှတ်(၂) တံတား၊ လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သော နိုင်ငံခြားသားများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးထိန်းသိမ်း၊ လွှဲပြောင်းခဲ့မှုများဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်ထိ တရားမဝင် နိုင်ငံခြားသား ၁၄၆၈၅ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် လွှဲပြောင်းရန် ၁၁၆၄ ဦး ကျန်ရှိသည်။

အွန်လိုင်းအသုံးပြု လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့တွင် ပါဝင်ပတ်သက်ကျူးလွန်နေကြသည့် မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၁၅ မှုမှ မြန်မာနိုင်ငံသား အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၆၃ ဦး၊ နိုင်ငံခြားသား အမျိုးသား ခုနစ်ဦးတို့ကိုလည်းကောင်း။



(၂၈-၆-၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်တို့တွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦး၊ တရုတ်နိုင်ငံသား ၂၉၅ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၆၆ မှုမှ မြန်မာနိုင်ငံသား အမျိုးသား ၄၃၁ ဦး၊ အမျိုးသမီး ၃၂၇ ဦး၊ နိုင်ငံခြားသား အမျိုးသား ၇၆၁ ဦး၊ အမျိုးသမီး ၂၆ ဦးတို့ကိုလည်းကောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၄၁ မှုမှ မြန်မာနိုင်ငံသား အမျိုးသား ၂၃၂ ဦး၊ အမျိုးသမီး ဦးရေ ၁၈၀၊ နိုင်ငံခြားသား အမျိုးသား ဦးရေ ၃၇၀၊ အမျိုးသမီး ဦးရေ ၂၀ တို့ကိုလည်းကောင်း။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၈ ရက်ထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၌ အမှုပေါင်း ၂၃ မှုမှ မြန်မာနိုင်ငံသား အမျိုးသား ၂၁၄ ဦး၊ အမျိုးသမီး ၂၄၄ ဦး၊ နိုင်ငံခြားသား အမျိုးသား ၄၄၇ ဦး၊ အမျိုးသမီး ၆၂ ဦးတို့ကိုလည်းကောင်း အသီးသီးဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်ထိကာလအတွင်း အမှုပေါင်း ၁၄၅ မှုမှ မြန်မာနိုင်ငံသား အမျိုးသား ၉၂၆ ဦး၊ အမျိုးသမီး ၈၁၄ ဦး စုစုပေါင်း ဦးရေ ၁၇၄၀၊ နိုင်ငံခြားသား အမျိုးသား ၁၅၈၅ ဦး၊ အမျိုးသမီး ၁၀၈ ဦး၊ စုစုပေါင်း ၁၆၉၃ ဦး စုစုပေါင်း ၃၄၃၃ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အွန်လိုင်း လောင်းကစားပြုလုပ်သည့် အဆောက်အအုံများကို အများဆုံးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ဥပဒေနှင့်အညီ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၃၀၈ လုံး၊ ကရင်ပြည်နယ်အတွင်း ၇၈၂ လုံး စုစုပေါင်း အလုံး ၁၀၉၀ ရှိပြီး အဆိုပါအဆောက်အအုံများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်ထိ ဖျက်ဆီးခဲ့ရာ ၉၆၂ လုံးဖျက်ဆီးပြီးဖြစ်၍ ကရင်ပြည်နယ်အတွင်း ကျန်ရှိသည့်အဆောက်အအုံ ၁၂၈ လုံးကို ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။



(၁၆-၆-၂၀၂၅)ရက်နေ့တွင် ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ တရားမဝင် Online ငွေကြေးလိမ်လည်လုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦး၊ တရုတ်နိုင်ငံသား ၄၁ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှအဆက်

ရှမ်းပြည်နယ်အတွင်း မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ကျေးသီး၊ လဲချား၊ ကာလိ၊ မိုင်းပေါက်၊ မိုင်းကိုင်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ မက်မန်း၊ မိုင်းခတ်၊ မိုင်းရှူးမြို့နယ် စုစုပေါင်း မြို့နယ် ၁၆ မြို့နယ်အတွင်းမှ တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ကိုင်သည့် အဆောက်အအုံ ၃၀၈ လုံးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်ထိ ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီခရိုင် KK Park အတွင်း၌ တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၆၃၄ လုံးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်ထိ အပိုင်းသုံးပိုင်းခွဲ၍ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ အပိုင်း(၁)တွင် အဆောက်အအုံ ၁၄၇ လုံးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၁၉ ရက်ထိလည်းကောင်း၊ အပိုင်း(၂)တွင် အဆောက်အအုံ ၆၂ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်ထိ လည်းကောင်း၊ အပိုင်း(၃)တွင် အဆောက်အအုံ ၄၂၅ လုံးကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်ထိလည်းကောင်း ဖျက်ဆီးခဲ့သည်။

ထို့အတူ မြဝတီခရိုင် ရွှေကုက္ကိုလ်ကျေးရွာ၌ အွန်လိုင်းလောင်းကစားလုပ်ကိုင်ရန် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံ ၇၇ လုံးရှိပြီး အဆိုပါအဆောက်အအုံများကို စနစ်တကျ ဖျက်ဆီးခဲ့ရာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်ထိ အဆောက်အအုံ ၂၇ လုံးဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အဆောက်အအုံ အလုံး ၅၀ ကို ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ရွှေကုက္ကိုလ်မြိုင်ကျေးရွာပတ်ဝန်းကျင်ရှိ လုပ်ငန်းဆိုက်များမှ စစ်ဆေးတွေ့ရှိခဲ့သည့် ကွန်ပျူတာ၊ မော်နီတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းဟန်းဆက် အလုံး ၂၁၈၇၀၊ Starlink စက် ၁၀၂ လုံး၊ ကာစီနိုလောင်းကစားခုံ၊ Router ၂၂ လုံးတို့နှင့် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်၊ မြဝတီ-မယ်ထော်သလေးသွားကားလမ်းဘေးရှိ 69 KTV ခြံဝင်းအတွင်းမှ သိမ်းဆည်းရရှိခဲ့သည့် ကွန်ပျူတာ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးတို့ကို ဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည်။



ကရင်ပြည်နယ် မြဝတီခရိုင်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှ ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ပြည်နှင်လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှ ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကိုလည်း ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ၂၀၂၆ ခုနှစ် မေ ၁၄ ရက်တွင် ထုတ်ပြန်ထားခြင်း ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**



ကရင်ပြည်နယ် မြဝတီခရိုင်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့် အဆောက်အအုံများကို ဖြိုချဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။

# နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံသည် နေရောင်ခြည်ကို ပေါကြွယ်ဝစွာရရှိနေသော်လည်း နေရောင်ခြည်စွမ်းအင်အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မှုပမာဏသည် နည်းပါးလျက်ရှိနေပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်ယူနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်ကို ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ဆိုလာစနစ်ကို တပ်ဆင်အသုံးပြုနိုင်ရေးဟူ၍ နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိနေပါသည်။

ယင်းသို့ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများ၊ စီမံကိန်းများသည် လျင်မြန်စွာအကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမအပတ်အတွင်း ကျယ်ပြန့်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့် ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးဖိတ်ခေါ်အပ်ပါသည်-

**ဆက်သွယ်ရန် -**

ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
၀၉ ၄၃၀၁၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁
dgdptsc2021@gmail.com

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၂၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ စုစုပေါင်း အဆောက်အအုံ ၂၇ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ အလုံး ၅၀ ကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြ)

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာရှိ စဝ်နွံ့ (ခေါ်) စဝ်နွံ့လင်း ပိုင်ဆိုင်သည့် အိမ်အမှတ် (၀လ-၀၀၁)နေအိမ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသားအမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၁ ဦးတို့ကို Desktop ၅၈ လုံး၊ System ပုံး အလုံး ၆၀၊ ဖုန်းမျိုးစုံ အလုံး ၆၀၊ စားပွဲ အလုံး ၂၀၊ ထိုင်ခုံ ၅၄ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြ)



တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်သည့် ဆက်စပ်ပစ္စည်းများကို တွေ့မြင်ရစဉ်။

# ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့သည် ရှေ့နေမဖြစ်နိုင်

**စိန်လှိုင်ဗိုလ်**



တရားရုံးတရားခွင်နယ်ပယ်တွင် ရာဇဝတ်မှုများ တရားမမှုများတွင် အမှုသည်များက ငှားရမ်းသဖြင့် အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေများ အမှုလိုက်ပါဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရမည်ဖြစ်သည်။ ထိုသို့ အမှုလိုက်ပါဆောင်ရွက်ရာတွင် ရှေ့နေလိုက်ပါခွင့်လိုင်စင်ရှိမှသာလျှင် အမှုကိုလိုက်ပါဆောင်ရွက်ခွင့်ရှိသည်။ ရှေ့နေလိုင်စင်ရရှိရေးအတွက် အလုပ်သင်ရှေ့နေမှသည် တရားလွှတ်တော်ရှေ့နေထိ နှစ်ကာလအတန်ကြာ ကြိုးပမ်းအားထုတ်ကြပြီးမှသာလျှင် အမှုလိုက်ပါခွင့်ရရှိကြသည်။ ကန့်သတ်ချက်များစွာရှိသည့်အနက် အထောက်အထားပြည့်စုံမှသာလျှင် သက်ဆိုင်ရာကလည်း လိုင်စင်ထုတ်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ အရ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုနိုင်ကြောင်း တရားမအထွေထွေလျှောက်ထားမှုတစ်မှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုကို ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

ဦးကိုကိုဟိန်းသည် ရှေ့နေအလုပ်သင်စာရင်းတင်သွင်းခွင့်ပြုရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးသို့ ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်တွင် လျှောက်ထားရာ ခွင့်မပြုကြောင်း ပြန်ကြားသဖြင့် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅(ခ)နှင့် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ (ခ)ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားအဖြစ်သတ်မှတ်ခံရသည့် ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သော လျှောက်ထားသူကို ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများအပိုဒ် ၃ အရ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမဆို အထက်တန်းရှေ့နေအဖြစ်ခွင့်မပြုရ၊ စာရင်းတင်သွင်းခြင်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်ဖြင့် ရှေ့နေအလုပ်သင်အဖြစ် စာရင်းတင်သွင်းခွင့်မပြုကြောင်း ပြန်ကြားသည့်စာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာနိုင်ငံသားများဥပဒေတို့နှင့် ညီညွတ်ခြင်းရှိ၊ မရှိ နိုင်ငံသားများဥပဒေပုဒ်မ ၁၀(ဂ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က)၊ ၃၄၇ ပြဋ္ဌာန်းချက်များပါ အခွင့်အရေးများဆုံးရှုံးခြင်းရှိ၊ မရှိ စိစစ်ရန် ကနဦးအမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ (ခ) အရ နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ လျှောက်ထားသူ၏မိခင် ဒေါ်ခင်မော်ငွေသည် လျှောက်ထားသူကို မွေးဖွားစဉ်က ဧည့်နိုင်ငံသားအဖြစ်သတ်မှတ်ခြင်းမခံရသေးကြောင်း၊ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများပါ အထက်တန်းရှေ့နေတို့၏အရည်အချင်း ခေါင်းစဉ်အောက်တွင် နည်းဥပဒေ ၃ ၌ ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ စာရင်းတင်သွင်းခွင့်မပြုရဟု ပြဋ္ဌာန်းထားကြောင်း မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၄ အရ သတ်မှတ်ထားသောတာဝန်နှင့် အခွင့်အရေးကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်း ဥပဒေနှင့်တရားရုံးချုပ်တရားသူကြီးများအစည်းအဝေး ၂/၂၀၀၉ ဆုံးဖြတ်ချက်တို့နှင့်အညီ ရှေ့နေအလုပ်သင်စာရင်းတင်သွင်းခွင့်မပြုကြောင်း အကြောင်းကြားခြင်းသည် မြန်မာနိုင်ငံသားဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးခြင်းမရှိသဖြင့် လျှောက်ထားသူ၏ စာချွန်တော်လျှောက်ထားမှုအပေါ် လက်ခံစဉ်းစားရန်မသင့်၍ ပယ်သည့်အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားခဲ့သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

လျှောက်ထားသူ ဦးကိုကိုဟိန်းက ရှေ့နေအလုပ်သင်စာရင်း တင်သွင်းခွင့်ပြုရန် ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်စွဲပါစာဖြင့် လျှောက်ထားရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားစီရင်ရေးကြီးကြပ်မှုရုံးမှ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၄ ရက်စွဲပါစာဖြင့် ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၃ ကိုရည်ညွှန်း၍ ခွင့်မပြုကြောင်း ပြန်ကြားခဲ့သည်ကို ဦးစွာစိစစ်ခဲ့သည်။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ခ)အရ နိုင်ငံသား ဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုလိုကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဂ)အရ ဧည့်နိုင်ငံသား ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ဧည့်နိုင်ငံသားကိုဆိုလိုကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဃ)အရ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော နိုင်ငံသားပြုခွင့်ရသူဆိုကြောင်း ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူ ဦးကိုကိုဟိန်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၅/ကသန(ဧည့်)၀၀၀၁၅၆ ကိုင်ဆောင်သူဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဂ) အရ ဧည့်နိုင်ငံသားဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါဥပဒေပုဒ်မ ၇ တွင် နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည် နိုင်ငံသားများဖြစ်သည်-

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ

(ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူ၏ဖခင် ဦးကိုလေးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၅/ကသန(နိုင်)၀၀၂၈၃၈ ကိုင်ဆောင်သူ နိုင်ငံသားဖြစ်ပြီး မိခင်ဒေါ်ခင်မော်ငွေသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၅/ကသန(ဧည့်)၀၀၀၁၀၃ ကိုင်ဆောင်သူ ဧည့်နိုင်ငံသားဖြစ်သည်။ မိခင်ဒေါ်ခင်မော်ငွေသည် နိုင်ငံသားစိစစ်ရေးကတ်ကို မည်သည့်နေ့ရက်တွင် ရရှိခဲ့ကြောင်း လျှောက်ထားလွှာတွင် ဖော်ပြထားခြင်းမရှိသည့်အပြင် အဆိုပါနိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုလည်း ပူးတွဲတင်ပြထားခြင်းမရှိကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

**❖ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ခ)အရ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုလိုကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဂ) အရ ဧည့်နိုင်ငံသားဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ဧည့်နိုင်ငံသားကိုဆိုလိုကြောင်း၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂(ဃ)အရ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော နိုင်ငံသားပြုခွင့်ရသူဆိုကြောင်း ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူ ဦးကိုကိုဟိန်းသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၅/ကသန (ဧည့်)၀၀၀၁၅၆ ကိုင်ဆောင်သူဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၂(ဂ)အရ ဧည့်နိုင်ငံသားဖြစ်ကြောင်း တွေ့ရသည်။ ❖**

လျှောက်ထားသူကို မမွေးဖွားမီ မိခင် ဒေါ်ခင်မော်ငွေသည် ဧည့်နိုင်ငံသားအဖြစ် ရရှိပြီးသူဖြစ်ပါက ဧည့်နိုင်ငံသားမိခင်နှင့် နိုင်ငံသားဖခင်တို့မှ မွေးဖွားသောလျှောက်ထားသူသည် ပုဒ်မ ၇(ခ)အရ နိုင်ငံသားအဖြစ်ရောက်ရှိမည်ဖြစ်သည်။ သို့သော် လျှောက်ထားသူသည် ဧည့်နိုင်ငံသားကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူဖြစ်သောကြောင့် လျှောက်ထားသူအား မွေးဖွားပြီးနောက်ပိုင်းမှ ပုဒ်မ ၂၅ အရ မိခင် ဒေါ်ခင်မော်ငွေ၏ ဧည့်နိုင်ငံသား လက်မှတ်လျှောက်လွှာတွင် အမည်ထည့်သွင်းပေးခြင်းခံရသော သားသမီးအဖြစ်ပါရှိသဖြင့် လျှောက်ထားသူကို ဧည့်နိုင်ငံသားအဖြစ်သတ်မှတ်၍ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းဖြစ်ကြောင်း ရုံးတော်က တွေ့ရှိခဲ့သည်။

၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ ၃ တွင် ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့အနေဖြစ် ဝင်ခွင့်မပြုရ။ စာရင်းသွင်းခြင်းလည်းမပြုရဟု ပြဋ္ဌာန်းထားသည်။ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေတွင် နိုင်ငံသားဟူသော စကားရပ်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိ၍ ပြည်ထောင်စု မြန်မာနိုင်ငံသားမဟုတ်သူ မည်သူ့ကိုမျှ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်မပြုရ၊ စာရင်းသွင်းခြင်းလည်း မပြုရဆိုသည့် ပြဋ္ဌာန်းချက်အရ နိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား နိုင်ငံသားပြုခွင့်ရသူတို့သည် အဆိုပါနိုင်ငံသားရရှိမည့် အခွင့်အရေးကို ရရှိခွင့်ရှိမည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိတိကျကျဖွင့်ဆိုခဲ့သည်။

အဆိုပါနည်းဥပဒေနှင့်အညီ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူ ဦးကိုကိုဟိန်းက ရှေ့နေအလုပ်သင်စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားမှုကို ခွင့်မပြုကြောင်း လျှောက်ထားခံရသူက ပြန်ကြားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါဆောင်ရွက်ချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်၍ ၎င်းဆောင်ရွက်ချက်များအပေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ရန် လိုအပ်မည်မဟုတ်ကြောင်းဆုံးဖြတ်၍ တရားမအထွေထွေလျှောက်ထားမှုကို ပယ်ဖျက်လိုက်သည်။

အထက်ပါစီရင်ထုံးအရ နိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့သည် နိုင်ငံသားရရှိမှုအခွင့်အရေးကို ရရှိခွင့်ရှိမည်မဟုတ်ကြောင်း သိရှိနိုင်ကြပြီဖြစ်သည်။ ဦးကိုကိုဟိန်းနှင့် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော် ၂၀၁၈ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၈၁ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။


**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း နေလှန်းဆား ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း နေလှန်းဆားပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေတာပေါ့။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်"ဟု ဒေးဒရဲမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာ၌ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးညှင်း ဇွန် ၂**


ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟဲလုံကျေးရွာတွင် သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးညှင်းမြို့နယ် ဦးစီးမှူး ဦးငွေးမြင့်တို့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ဟဲလုံကျေးရွာ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အဆိုပါ ဟဲလုံကျေးရွာ၌ အရှည်ပေ ၁၈၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲကျောက်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ ဒသမ ၂၀၂ သန်းဖြင့် မိုးညှင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ဧပြီလဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ဟဲလုံကျေးရွာရှိ ပြည်သူများ သွားလာရေးလွယ်ကူ အဆင်ပြေလျက်ရှိကြောင်း မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**



ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

DENTOMEC




ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော




ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee

PURE ARABICA COFFEE

ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အမည်မှန်

မြင်းမူမြို့၊ ကျန်စစ်သားရပ်၊ အထက(၂)၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးသိန်း၏သမီး မဟေသာလင်းထက်၏အမည်မှန်မှာ မဟေသာလင်းလက် ဖြစ်ပါကြောင်း။

မဟေသာလင်းလက်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနွေးနွေးလွင်၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်းဖြစ်ပါကြောင်း။

ဦးဇော်မျိုးထွန်း(၅/ထခန(နိုင်)၀၄၅၂၂၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြည့်စုံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မရွှေရည်ဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ကျော်ဖြစ်ပါကြောင်း။ဦးမြင့်ကျော်(၅/ပလန(နိုင်)၀၄၀၇၀၁)

## မွေးသက္ကရာဇ်အမှန်

မြင်းမူမြို့၊ ကျန်စစ်သားရပ်၊ အထက(၂)၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဝင်း၏သမီး မရွှန်းလဲ့လဲ့ဖြိုး၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၂၀၀၇ ဖြစ်ပါကြောင်း။

မရွှန်းလဲ့လဲ့ဖြိုး၊ ၂၅-၇-၂၀၀၇

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကန်တော်ရပ်ကွက်နေ မစံပယ်ဖြူ(၉/မကန(နိုင်)၁၆၃၇၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-890538580

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ သရက်ချောင်ရပ်နေ ဒေါ်ခင်စန်းကြူ၏သားဖြစ်သူ မောင်သက်ရှိုင်းကိုကို(၉/စကတ(နိုင်)၁၀၆၁၆၃)အား ဤကြော်ငြာပါသည့်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မောင်သက်ရှိုင်းကိုကိုနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကို ကျွန်မ ဒေါ်ခင်စန်းကြူနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းကြူ(၉/စကတ(နိုင်)၀၄၀၁၇၀)

**အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည့်အကြောင်း**
**အများသိစေရန် ကြေညာခြင်း**

Myanmar Thant Ti Co.,Ltd

**ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၀၁၀၈၅၃၂(၁၀/၁၀/၂၀၁၄)**

မြန်မာသန့်တည်ကုမ္ပဏီလီမိတက်၏ ၂၃-၅-၂၀၂၆ ရက်နေ့တွင် ချမှတ်ခဲ့သော ရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မူလမတည်ရင်းနှီးငွေကျပ် ၁၀၀,၀၀၀,၀၀၀ ကို ကျပ် ၅,၀၀၀,၀၀၀ သို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မူလ မတည်ရင်းနှီးငွေ ကျပ် ၁၀၀,၀၀၀,၀၀၀ သည် တစ်စုလျှင် ကျပ် ၁၀,၀၀၀ တန်ဖိုးရှိသော အစုရှယ်ယာ ၁၀,၀၀၀ စုဖြင့် ဖွဲ့စည်းထားပြီး၊ လျှော့ချပြီးနောက် ကျန်ရှိမည့် မတည်ရင်းနှီးငွေ ကျပ် ၅,၀၀၀,၀၀၀ သည် တစ်စုလျှင် ကျပ် ၁၀၀,၀၀၀ တန်ဖိုးရှိသော အစုရှယ်ယာ ၅၀ စုဖြင့် ဖွဲ့စည်းထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသန့်တည်ကုမ္ပဏီလီမိတက်
ဖုန်း ၀၉-၂၀၂၃၉၄၂၊ ၀၉-၄၂၅၀၀၇၂၃၀

## ပျောက်ဆုံးကြောင်း

ဗန်းမောက်မြို့၊ ဓမ္မစကြာလမ်းနေ ချန်ရှင်း (ခ) လီစူးဆင် (ခ) ဦးစက်ချန်၏သမီး ချိုချိုရင်(၅/ဗမန(နိုင်)၀၁၉၈၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-403348)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-2004871

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။**

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများတိုးတက်စေရေးနှင့် နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊

**စာမျက်နှာ ၁၇ ကော်လံ ၃ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားကို ကရင်ပြည်နယ်အသင်း ဆွတ်ခူး




**ရန်ကုန် ဇွန် ၂**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲပွဲစဉ်ကို ယနေ့ညနေ ၃ နာရီမှစတင်၍ သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း (၁) စက်ဘီးကွင်းနှင့် ဗိုလ်လုပွဲပွဲစဉ်ကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းတို့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ❖**

## နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူ ဖွံ့ဖြိုးရေးဆီသို့

ဆောင်းပါး စာမျက်နှာ - ၂၂

## AYA Tri–Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AYA Tri– Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဇွန် ၃ ရက်မှ ၉ ရက်ထိ ကျင်းပမည်ဖြစ်ရာ မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ဥဇဘက်ကစ္စတန်ပွဲစဉ်ကို ဇွန် ၃ ရက် **(ယနေ့)** ညနေ ၅ နာရီတွင်လည်းကောင်း၊ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်ပွဲစဉ်ကို ဇွန် ၆ ရက် ညနေ ၅ နာရီတွင်လည်းကောင်း၊ မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်ကို ဇွန် ၉ ရက် ညနေ ၅ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအားလုံးကို MRTV Sports Channel နှင့် MRTV Entertainment Channelတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

